# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၇၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန –၂ (MICC–II) ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊

*စာမျက်နှာ ၄ ကော်လံ ၁ ☞*



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

## ယနေ့ ဖတ်စရာ


**မြစ်ကြီးနားမြို့၌ မြစ်ရေပြန်လည်ကျဆင်းသွားပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်၊ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်နှင့် ခန္တီးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်**

ပြည်တွင်းသတင်း စာ ၁၀

**သေဆုံးသူ ၁၂၁ ဦးထက်မနည်းရှိသော လူအုပ် စုပြုံတိုးဝှေ့မှုနှင့် ပတ်သက်ပြီး အိန္ဒိယရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေး**

နိုင်ငံတကာသတင်း စာ ၁၃

**ပခုက္ကူဈေးကွက်သို့ နှမ်းနက်(စမုံ)နှင့် နှမ်းဖြူများ လှိုင်လှိုင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်**

စီးပွားရေးသတင်းများ စာ ၁၄

# အမျိုးသမီးတွေကို ကဏ္ဍအသီးသီးမှာ စွမ်းဆောင်ရည်ပြည့်ဝပြီး ကျား၊ မ တန်းတူရည်တူပါဝင်နိုင်မှု ပိုမိုတိုးတက်မြင့်မားရေးကို အလေးထားပြီး ဆက်လက်ဆောင်ရွက်ပေးကြရမှာဖြစ်

## မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

( ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)



**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၄ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေ မင်္ဂလာအပေါင်းနဲ့လည်း ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှာရှိတဲ့ မြန်မာနိုင်ငံရဲ့ ခန့်မှန်းလူဦးရေ ၅၆ ဒသမ ၂ သန်းအနက် အမျိုးသမီးပါဝင်မှုဟာ ၂၉ ဒသမ ၄ သန်းဖြစ်တဲ့အတွက် နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးများဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုး ပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်တဲ့ ပြည်ထောင်စုဖြစ်တာနဲ့အညီ မတူကွဲပြားတဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေ၊ ဘာသာစကား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနဲ့ သမိုင်းကြောင်း၊ ပထဝီဝင်အနေအထား အမျိုးမျိုးရှိကြပေမယ့်လည်း အမျိုးသမီးများအပါအဝင် တိုင်းရင်းသား အားလုံးဟာ စည်းလုံးညီညွတ်စွာနဲ့ ချစ်ခင်ရင်းနှီးစွာ ယှဉ်တွဲနေထိုင် ခဲ့ကြပါတယ်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးတွေဟာ မြန်မာ့ လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်း စဉ်အဆက်ဆက်မှာ အမျိုးသားတွေနဲ့ရင်ပေါင်တန်းပြီး စွန့်လွှတ် အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများနဲ့ ပါဝင်ခဲ့ကြပါတယ်။ ဒီနေ့ကာလ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန် နဲ့ ဆောင်ရွက်နေကြရာမှာလည်း ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ဒို့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းတွေအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးမှာ ကာယအား၊ ဉာဏအားတွေနဲ့ စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နေကြတဲ့ မြန်မာအမျိုးသမီးများရဲ့ အခန်းကဏ္ဍ ဟာ အလွန်ကြီးမားတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဒီနေ့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့မှာ ကျရောက်တဲ့ မြန်မာ အမျိုးသမီးများနေ့ဟာ မြန်မာနိုင်ငံဒေသအသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ ဒီနေ့မှာ ကဏ္ဍအသီးသီးက စွမ်းဆောင်ရည်ရှိတဲ့ ထူးချွန် အမျိုးသမီးတွေကို ဂုဏ်ပြုချီးမြှင့်တဲ့နေ့လည်းဖြစ်တဲ့အတွက် မြန်မာ အမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုပါကြောင်းနဲ့ အမျိုးသမီးများဘဝသာယာလှပကြပြီး အစစအရာရာ အဆင်ပြေပါ စေကြောင်း ဆန္ဒပြုဆုတောင်းအပ်ပါတယ်။

၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံရဲ့ ဘေဂျင်းကြေညာစာတမ်းမှာ လုပ်ငန်းနယ်ပယ်အသီးသီးက အမျိုး သမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတိုင်းမှာ အမျိုးသမီး ကော်မတီများဖွဲ့စည်းရန်ဆိုတဲ့ အချက်ပါရှိပါတယ်။ မြန်မာနိုင်ငံမှာ လည်း အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ စွမ်းဆောင် ရည်မြင့်မားရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများအရေးကို အဓိကထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လေးစားဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ရည်ရှိတဲ့ မြန်မာအမျိုးသမီးတွေကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ ခုနှစ်ကစပြီး ဇူလိုင်လ (၃) ရက်နေ့မှာ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွေကို နှစ်စဉ်ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်မှာ မူလတန်းကြိုပညာရေး၊ အခြေခံ ပညာရေး၊ နည်းပညာနဲ့ သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးတို့ ပါဝင်ပြီး ပညာရေးကဏ္ဍနိမ့်ကျနေမှုကို မြှင့်တင်ဖို့ ဘက်စုံပညာရေး စနစ်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါတယ်။ ကျောင်းနေ အရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေတဲ့ကလေးတိုင်း အနည်းဆုံး အခြေခံပညာအဆင့်မှာ KG+9 အထိ ပြီးမြောက်အောင် သင်ယူရေးမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒို့အပြင် အချိန်မတိုင်မီ ကျောင်းမထွက်ကြစေရေး၊ တန်းစဉ်ကူးပြောင်းမှု မလျော့နည်းစေရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာနဲ့ အဆင့်မြင့် ပညာများကို သင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်ရေး တာဝန်ရှိသူများနဲ့ ပူးပေါင်းဆောင်ရွက် လျက်ရှိရာမှာ ကျား၊ မ ခွဲခြားမှုမရှိဘဲ တန်းတူရည်တူ ပညာသင်ကြား ခွင့်ရရှိဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံမှာ အသက် ၅ နှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်း ရှိပြီး နိုင်ငံတစ်ဝန်း ကျောင်းလုံးဝမနေဖူးသူအဖြစ် အမျိုးသား ၁၀၀ မှာ ၆ ဒသမ ၅ ဦးနဲ့ အမျိုးသမီး ၁၀၀ မှာ ၉ ဒသမ ၄ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ အသက် ၂၅ နှစ်နဲ့အထက် လူဦးရေရဲ့ အမြင့်ဆုံး အောင်မြင်ပြီးစီးခဲ့တဲ့ အတန်းပညာကို စစ်တမ်းကောက်ယူခဲ့ရာ မူလတန်းအဆင့်မှာ အမျိုးသား ၄၂ ဒသမ ၃ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၁ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်မှာ အမျိုးသား ၂၅ ဒသမ ၂ ရာခိုင် နှုန်း၊ အမျိုးသမီး ၁၈ ဒသမ ၈ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်မှာ အမျိုးသား ၁၅ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၁ ဒသမ ၇ ရာခိုင်နှုန်း ရှိပြီး တက္ကသိုလ်ဘွဲ့ရအဆင့်မှာ အမျိုးသား ၉ ဒသမ ၇ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိ ရပါတယ်။ ဒါဟာ ပညာရေးကွင်းဆက်တစ်လျှောက်မှာ ကျောင်းထွက်မှုနှုန်းများပြီး ပညာတတ်သူ နည်းပါးလာမယ့် အခြေအနေဖြစ်တဲ့အတွက် ပညာရေး မြှင့်တင်မှုလုပ်ငန်းတွေကို အလေးထားဆောင်ရွက်ပေးလျက်ရှိနေ ပါတယ်။ အမျိုးသမီးများရဲ့ ပညာရေးကဏ္ဍ ယခုထက်ပိုပြီး မြင့်မား လာစေရေးကိုလည်း အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်း မှာကြားလိုပါတယ်။

ပညာရေးကဏ္ဍမှာ တစ်ဆက်တည်းလေ့လာကြည့်ရင် ကျောင်း ပညာတက်ရောက်သင်ကြားနေသူ အခြေခံပညာကဏ္ဍမှာ အမျိုးသမီး ၅၀.၇၆ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာမှာ ၆၃.၆၀ ရာခိုင်နှုန်း၊ သိပ္ပံနဲ့ နည်းပညာမှာ ၄၇.၁၉ ရာခိုင်နှုန်း၊ ဆေးနှင့်နီးနွယ်ပညာမှာ ၇၀.၄၄ ရာခိုင်နှုန်း ပညာသင်ကြားနေတာတွေ့ရှိရပြီး ၂၀၂၃-၂၀၂၄ တက္ကသိုလ် ဝင် စာမေးပွဲအောင်မြင်သူမှာ ၆၄.၃၁ ရာခိုင်နှုန်းက အမျိုးသမီးများ ဖြစ်ကြတာ တွေ့ရပါတယ်။ သင်ကြားရေးတာဝန်ထမ်းဆောင်နေသူ များကြည့်ရင် အမျိုးသမီးများအနေနဲ့ အခြေခံပညာမှာ ၈၃.၆၉ ရာခိုင် နှုန်း၊ အဆင့်မြင့်ပညာမှာ ၈၇.၈၉ ရာခိုင်နှုန်း၊ သိပ္ပံနဲ့ နည်းပညာမှာ ၈၆.၂၃ ရာခိုင်နှုန်း၊ ဆေးနဲ့နီးနွယ်ပညာမှာ ၈၀.၃၉ ရာခိုင်နှုန်း သင်ကြား ရေး တာဝန်ထမ်းဆောင်နေတဲ့အတွက် အမျိုးသမီးများ ပါဝင်မှုပမာဏ ကြီးမားကြောင်း တွေ့ရှိရပါတယ်။

ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍတွေမှာ ကွာခြားချက် မကြီးမားစေရေးအတွက် အတတ်ပညာ တတ်မြောက်ပြီး အသိပညာပြည့်စုံတဲ့ ပညာတတ်များပေါ်များဖို့ လည်းလိုအပ်ပါတယ်။ အတန်းပညာရှိမှ အသိပညာနဲ့ အတတ်ပညာ ရဖို့ လွယ်ကူမှာဖြစ်ပြီး လူငယ်များမိမိခြေထောက်ပေါ် ရပ်တည်နိုင် စေဖို့အတွက် အသိပညာများ၊ အတတ်ပညာများ သင်ကြားလေ့ကျင့်ပေး ရမှာဖြစ်ပါတယ်။ အဲဒီလို ပညာရည်မြင့်မားရေးနဲ့ လူငယ်များ ဗလ ငါးတန်ပြည့်ဝရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးမှာ မိခင်များ၊ ဆရာမများဖြစ်ကြတဲ့ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတဲ့အတွက် အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

၂၀၂၃ ခုနှစ် မြန်မာစာရင်းအင်းလက်စွဲအရ ၂၀၂၀-၂၀၂၃ လုပ်သား အင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာအရ လုပ်သားအင်အား ပါဝင်မှုနှုန်းမှာ အသက် (၂၅) နှစ်ကနေ (၂၉) နှစ်ကြားအုပ်စုဟာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ စီးပွားရေးလုပ်ငန်းကဏ္ဍ အလိုက် အလုပ်လက်ရှိ ရာခိုင်နှုန်းအနေနဲ့ ၂၀၂၃ ခုနှစ်မှာ အမျိုးသား များရဲ့ အလုပ်အကိုင်ရရှိမှုက လယ်ယာကဏ္ဍမှာ ၄၉ ဒသမ ၇၈ ရာခိုင် နှုန်း၊ စက်မှုကဏ္ဍမှာ ၁၉ ဒသမ ၃၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍမှာ ၃၀ ဒသမ ၈၆ ရာခိုင်နှုန်း လုပ်ကိုင်လျက်ရှိပြီး အမျိုးသမီးများရဲ့ အလုပ်အကိုင်ရရှိမှုမှာ လယ်ယာကဏ္ဍမှာ ၄၂ ဒသမ ၀၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှာ ၁၆ ဒသမ ၈၁ ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ၄၁ ဒသမ ၁၂ ရာခိုင်နှုန်းတို့ရှိတာကိုလည်း တွေ့ပါတယ်။ ကဏ္ဍ အလိုက် အမျိုးသမီးများရဲ့ ပါဝင်မှုတိုးမြင့်လာအောင် ဆောင်ရွက် ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်မှာ ပါဝင်တဲ့ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်ဖြစ်တဲ့ မိခင်သေဆုံး မှုနှုန်း လျော့နည်းကျဆင်းရေးအတွက် *စာမျက်နှာ ၄ သို့*

**“ အမျိုးသမီးများရဲ့ အခွင့်အရေးများနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို ဥပဒေနဲ့ အညီ အပြည့်အဝကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့နဲ့ အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ဖို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိ ”**

*စာမျက်နှာ ၃ မှ*

ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နဲ့မွေးဖွားပြီးချိန်တစ်လျှောက်လုံး ကျန်းမာပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ မိခင်ဘဝရရှိစေဖို့ အလွန်အရေးကြီးပါတယ်။ ဝေးလံပြီးလမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ ဒေသတွေမှာ နေထိုင်ကြသူများအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိစေဖို့ စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမများ အသစ်မွေးထုတ်ခြင်း၊ စွမ်းဆောင်ရည်မြှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးအသိပညာများ တိုးတက်လာစေရန် အသိပညာပေးစာစောင်များ ပြုစုထုတ်ဝေဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ အခွင့်အရေးနဲ့ ကျား၊ မ တန်းတူညီမျှမှုကို အဟန့်အတားဖြစ်စေတဲ့ လူမှုရေးစံသတ်မှတ်ချက်များ၊ ဓလေ့ထုံးတမ်းများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဟာ ကျား၊ မ ရေးရာကွာဟချက်ဖြစ်ပေါ်စေနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်မှုတွေကို အသိအမှတ်ပြုပြီး ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို လက်လှမ်းမီရရှိစေဖို့ အလေးထားဖော်ဆောင်ပေးကြရမှာ ဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ အခွင့်အရေးများနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို ဥပဒေနဲ့အညီ အပြည့်အဝကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့နဲ့ အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ဖို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိနေပါတယ်။

၂၀၂၃ ခုနှစ်မှာ UN Womenနဲ့ UNDP တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ **“ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများစွမ်းဆောင်နိုင်မှုနဲ့ ကျား၊ မ တန်းတူညီမျှရေး လေ့လာဆန်းစစ်ချက်အစီရင်ခံစာ”** အရ ညွှန်းကိန်းများ အနေနဲ့ (၀ ဒသမ ၈) အထက်က အမြင့်ဆုံးဖြစ်ပြီး (၀ ဒသမ ၆) အထက်ဟာ အလယ်အလတ်ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးများစွမ်းဆောင်နိုင်မှုညွှန်းကိန်းမှာ (၀ ဒသမ ၅၁၈)၊ ကျား၊ မ ရေးရာညွှန်းကိန်းမှာ (၀ ဒသမ ၅၉၈) တို့ဖြစ်တဲ့အတွက် အလယ်အလတ်အဆင့်ရဲ့အောက်နားမှာ ရှိနေပါတယ်။ လူသားဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်းအနေနဲ့ကတော့ (၀ ဒသမ ၅၅၀)နဲ့ (၀ ဒသမ ၆၉၉) ကြားရှိတဲ့အတွက် အလယ်အလတ်အဆင့်မှာရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် အမျိုးသမီးတွေကို ကဏ္ဍအသီးသီးမှာ စွမ်းဆောင်ရည်ပြည့်ဝပြီး ကျား၊ မ တန်းတူရည်တူပါဝင်နိုင်မှု ပိုမိုတိုးတက်မြင့်မားရေးကို အလေးထားပြီး ဆက်လက်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်၊ မတ်လ (၈)ရက်နေ့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို **“အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး”** ဆောင်ပုဒ်နဲ့အညီ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း ကျင်းပခဲ့ပါတယ်။ ဒီဆောင်ပုဒ်ကတော့ နိုင်ငံတွေအနေနဲ့ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဘဏ္ဍာငွေအပါအဝင် ဘက်ပေါင်းစုံက ရင်းနှီးမြှုပ်နှံဖို့ တိုက်တွန်းထားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ လမ်းညွှန်မှုနဲ့အညီ အမျိုးသမီးတွေကို နည်းမျိုးစုံနဲ့ ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကတိကဝတ်များနဲ့ အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နဲ့အညီ ရေးဆွဲထားတဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရဲ့ လုပ်ငန်းနယ်ပယ် (၁၂) ရပ်ကို အကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနဲ့ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါ့အပြင် အာဆီယံဒေသတွင်း ကတိကဝတ်များနဲ့ ကုလသမဂ္ဂက ချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၅)ဖြစ်တဲ့ ကျား၊ မ တန်းတူညီမျှမှုရရှိရေး၊ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များအားလုံး စွမ်းပကားတိုးမြင့်စေရေးတို့နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းစဉ်တွေမှာ ရည်မှန်းချက်ပန်းတိုင်ပြည့်မီဖို့ ဆက်လက်အလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါ့ကြောင့် မြန်မာအမျိုးသမီးများရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စတဲ့ ဂုဏ်ရည်များဟာ ခေတ်အဆက်ဆက် ထင်ရှားပေါ်လွင်ခဲ့တာမို့ ဆက်လက်ထိန်းသိမ်းသွားကြဖို့ လိုအပ်ပါတယ်။ အမျိုးသမီးများ ကဏ္ဍမြင့်မားရေး၊ အမျိုးသားများနဲ့ရင်ပေါင်တန်းပြီး တွဲလက်ညီညီနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ကဏ္ဍစုံမှာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်နိုင်ဖို့နဲ့ တစ်ဦးချင်းစီမှသည် မိသားစုအတွင်း၊ ရပ်ရွာအတွင်း၊ နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ **အားလုံးကို ကျေးဇူးတင်ပါတယ်။**

❍ *ရှေ့ဖုံးမှ*

ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၏ဇနီး၊ အမျိုးသမီးများဆိုင်ရာ အသင်းအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကဏ္ဍအလိုက် ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တုံ့ပြန်တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) လုပ်ငန်းနယ်ပယ် (၁၂) ရပ် Video Clip ကို ပြသသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွင်း ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးဆုများကို ချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ *စာမျက်နှာ ၅ သို့*



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ အကောင်းဆုံး ကျောင်းသားဆုရရှိသူ ဗိုလ် ဒေါ်ဖူးမော်သန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး ထူးချွန်အမျိုးသမီးရဲမေ ဆုရရှိသူ ဒုတိယရဲမှူးကြီး မိုးမိုးထွန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မနှင်းကြယ်စင်ထွန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီး ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။






မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရွှေမြန်မာသာယာငြိမ်းချမ်း တေးသီချင်းနှင့်အတူ တိုင်းရင်းသားအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၄ မှ*

အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ် ဒေါ်ယုယုနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) မှ အကောင်းဆုံး ကျောင်းသားဆု ရရှိသူ ဗိုလ်ဒေါ်ဖူးမော်သန်းနှင့် ကာကွယ်ရေးဦးစီးချုပ် (လေ) ၏ ချီးကျူးဂုဏ်ပြုဆု ရရှိသူ ဗိုလ်ကြီး ဒေါ်ဝါဝါမော်တို့ကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေး အပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၏ ဇနီး ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေ ဆုရရှိသူ ဒုတိယရဲမှူးကြီး မိုးမိုးထွန်းနှင့် မသန်စွမ်းအမျိုးသမီးအားကစား ထူးချွန်ဆုရရှိသူ မလော်လာဝင်းတို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မနှင်းကြယ်စင်ထွန်းနှင့် ဝိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မအေးချမ်းပြည့်မွန်တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ ဆုရရှိကြသူများကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုနှင့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု ရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌတို့က အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်ဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “အမျိုးသမီး ကော်မတီ” သီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ရွှေမြန်မာသာယာငြိမ်းချမ်း” တေးသီချင်းနှင့်အတူ တိုင်းရင်းသားအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

**ထုတ်ကုန်ပစ္စည်းများ ကြည့်ရှုလေ့လာ**

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာ အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကျင်းပ



**နေပြည်တော် ဇူလိုင် ၃**
အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြန်လည်လွှဲပြောင်းခြင်းများဆောင်ရွက်**

ဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ထိန်းသိမ်းရေးကော်မတီကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ကော်မတီ၏အဓိကတာဝန်ဖြစ်သည့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ် လူငယ်များကို လက်ခံမှုမရှိစေရေးနှင့် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော် (ကြည်း) ပါဝင်နေခြင်းကို စာရင်းမှ ပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် Plan of Action ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံချက်အရ CTFMR နှင့် ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ တပ်မတော်နှင့် UNCTFMR ပူးပေါင်းအဖွဲ့ဖြင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်အတွင်း CTFMR မှ ပေးပို့ထားသည့် အသက်မပြည့် သံသယရှိသူစစ်သည် ၉ ဦး အပါအဝင် ယခင်စာရင်းမှ ပယ်ဖျက်ပေးရန်ကျန် စုစုပေါင်း ၁၂၀ ကို CTFMR သို့ ဆက်သွယ်၍ အမှုတွဲတိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ရန်နှင့် မှန်ကန်မှုမရှိပါက စာရင်းမှ ပယ်ဖျက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထားလိုက်နာစုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီ အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သား အသုံးပြုမှုမရှိစေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို CTFMR သို့ အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း။

**စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိ**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီမှ CTFMR နှင့် ယခင်အတိုင်း ဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ပူးပေါင်းဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် CTFMR နှင့် တွေ့ဆုံခဲ့ပြီး နှစ်ဖက်သဘောတူညီချက်အရ နည်းပညာပူးတွဲဥက္ကဋ္ဌ (Technical Co–Chairs) အဖွဲ့နှင့် အဖွဲ့ငယ်အဆင့် တွေ့ဆုံဆွေးနွေးခြင်း (Small Team Meeting)ဖြင့် နှစ်ဖက်တိုက်ဆိုင် စာရင်းရှင်းလင်းစစ်ဆေးအတည်ပြုရန် ဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော်ကျင့်သုံးလျက်ရှိရာ ဥပဒေအရ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများ မပါရှိစေရေး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အသီးသီးမှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**စွပ်စွဲဖော်ပြထား**

ယခုနှစ် ထုတ်ပြန်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၂၃ ခုနှစ်အတွက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာတွင် တပ်မတော်နှင့် ဆက်စပ်နေသည့်အဖွဲ့များနှင့် ပြည်သူ့စစ်တို့က ကလေးသူငယ် ၁၁၀၂ ဦးကို စုဆောင်းခဲ့ပြီး ကြီးလေးသော ကျူးလွန်မှု ၆ ရပ်တို့ကို တပ်မတော်က ကျူးလွန်ကြောင်း စွပ်စွဲဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း CTFMR က စုံစမ်းသည့် အသက်မပြည့်သူဟု သံသယရှိသူ စုစုပေါင်း ၉ ဦးသာရှိကြောင်း အကြောင်းကြားခဲ့သော်လည်း ယခုနှစ် အစီရင်ခံစာတွင် အသက်မပြည့်သေးသူ ၁၁၀၂ ဦးကို စစ်မှုထမ်းစေခဲ့သည်ဟု ချဲ့ကားဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် အဆိုပါ အစီရင်ခံစာကို ကန့်ကွက်ပါကြောင်းနှင့် တုံ့ပြန်သည့် အချက်အလက်များကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်ရုံး (Office of the Special Representative of the Secretary–General for Children and Armed Conflict–UNSRSG) သို့ ပေးပို့ခဲ့ပြီး ဖြစ်သည့်အပြင် နိုင်ငံပိုင်၊ ရုပ်မြင်သံကြား၊ သတင်းစာများတွင် တရားဝင်သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များမှ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပ



**ထားဝယ် ဇူလိုင် ၃**
ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြန်မာ အမျိုးသမီးများနေ့တွင် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိသော အမျိုးသမီးများ အပါအဝင် မြန်မာအမျိုးသမီးများ အားလုံးကို လှိုက်လှဲစွာဂုဏ်ပြုပါကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း(CEDAW)ပါ ကတိကဝတ်များနှင့် အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်ပါ ဦးစားပေး နယ်ပယ် (၁၂) ရပ်နှင့် အညီ ရေးဆွဲထားသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂) ကိုရေးဆွဲခဲ့ပြီး မဟာဗျူဟာ စီမံကိန်းအနေဖြင့် ၂၀၂၂ ခုနှစ်တွင် စီမံကိန်းကာလ ပြီးဆုံးခဲ့ပြီဖြစ်သည့်အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (Phase II)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဦးဆောင်ပြီးဆက်စပ် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ဝိုင်းဝန်း ပူးပေါင်းရေးဆွဲလျက်ရှိကြောင်း၊ နိုင်ငံတော်အဆင့် ဦးစားပေးကဏ္ဍများဖြစ်သည့် ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် အကြမ်းဖက်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည် စွမ်းအားမြင့်မားစေရေးတို့အတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွား သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မှတ်တမ်းတင် ဗီဒီယိုပြသမှုနှင့် မူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်များက စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ဇေယျာဒွာနီ - ၂ လမ်းသွယ် လက်ယာဘက်သတ်မှတ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများ၌ ကျွန်းပင်များကို ဦးဆောင် စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယနေ့ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ် စိုက်ပျိုးခဲ့သည့် ကျွန်းပင် ၂၃၀ မှာလည်း ရှင်သန်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပညာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၄ ခုနှစ် ပညာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေပညာရေးမှူးနှင့် အဖွဲ့များ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာတွင် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို ဆက်လက် စိုက်ပျိုးပေးကြကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်တစ်ပင်၊ ခရေပင် ၅၀၊ စိန်ပန်းနီပင် ၅၀၊ ဆီသပြေပင် ၅၀၊ ရေတမာပင် ၄၉ ပင်၊ တပေဘူတပင် ၄၅ ပင်၊ ငုဝါပင်ငါးပင် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်အတွင်း အပန်းဖြေအနားယူနိုင်သော ခရီးစဉ်နေရာအသစ်များ ဖော်ထုတ်နိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ (၃/၂၀၂၄) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော် ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းသည် နိုင်ငံသားများ အားလုံးအတွက် ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခင်ရှိပြီးသည့် ခရီးစဉ်နေရာဒေသများအပြင် အပန်းဖြေအနားယူနိုင်သော ခရီးစဉ်နေရာအသစ်များ ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိကြောင်း၊ နေပြည်တော်အတွင်း ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ တိုးတက်လာစေရေး၊ ခရီးစဉ်နေရာများ သန့်ရှင်းသာယာလှပစေရေး၊ ခရီးသွားဆွဲဆောင်မှုရှိစေရေးနှင့် ကောင်းမွန်သောဝန်ဆောင်မှုများ ရရှိစေရေး၊ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်သည့်သင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော် ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းက နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက် လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လက်ရှိဆောင်ရွက်နေသည့် ခရီးသွားလုပ်ငန်းများနှင့် ရှေ့ဆက် ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ကျောက်ဆည်မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာ သင်ကြားနိုင်ရေးနှင့် ခြင်ကြောင့်ဖြစ်ပွားနိုင်သည့် ရောဂါများမဖြစ်ပွားစေရေးအတွက် ဇူလိုင် ၂ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်ရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ ပြုလုပ်ရာ ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာ စောစန္ဒာအေး ဦးဆောင်ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးကြစဉ်။ ကြည်ဇေသော်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲဖြစ်သည့်အတွက် အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံးကျင်းပမည်

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ၊ အခမ်းအနား အပြင်အဆင်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်မည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်ကို ရှင်သန်စေသော ပွဲတော်ကြီးတစ်ခုဖြစ်ပြီး နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲဖြစ်သည့်အတွက် အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံးကျင်းပမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားများ ပေါ်ထွန်းစေရန် ရည်ရွယ်ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး ဖွင့်ပွဲနှင့် ပိတ်ပွဲအစီအစဉ်များကို အသွင်သဏ္ဌာန်ရောအနှစ်သာရပါ ပြည့်စုံကောင်းမွန်စေရန်နှင့် တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားနိုင်စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း။

**ထူးခြားအောင်ဆောင်ရွက်မည်**

၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့သည့်ပုံစံကို မှီငြမ်း၍ ဖွင့်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ အသံစနစ်၊ မီးအလင်းအမှောင်များနှင့် ပေါင်းစပ်ပြီး ရိုးရာယဉ်ကျေးမှုကို အသွင်ထူးခြားအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သမားရိုးကျပွဲတော်များ ဆောင်ရွက်သည်ထက် ကြည့်ရှုနေကြသည့် တစ်နိုင်ငံလုံးပြည်သူများက ယနေ့ဖြစ်ပေါ်နေသည့် နိုင်ငံ၏ အနေအထား၊ စည်းလုံးမှု၊ မျိုးချစ်စိတ်၊ နိုင်ငံအတွက် တိုးတက်အောင်ကြိုးစားလိုသည့် အားမာန်ဖြစ်စေမည့် အရာများကို တွေ့မြင်စေမည်ဖြစ်ကြောင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ဟာသပညာရှင်များ အစည်းအရုံးတို့နှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်ဓာတ်၊ လူမျိုးကို ချစ်သည့်စိတ်ကို ဖော်ညွှန်းသည့် တစ်နိုင်ငံလုံးပါဝင်သည့် အခမ်းအနားဖြစ်သည့်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲနှင့်ပိတ်ပွဲကို ခမ်းခမ်းနားနားဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အခမ်းအနား အပြင်အဆင်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်မည့် ကုမ္ပဏီမှ တာဝန်ရှိသူက (Stage) ဇာတ်ခုံ ဒီဇိုင်းတည်ဆောက်မည့်ပုံစံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေးတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ ပိတ်ပွဲ အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်၊ (Performance) သရုပ်ဖော်အကအလှများ၊ နည်းပညာပိုင်းဆိုင်ရာများ အပါအဝင် အခမ်းအနားကျင်းပနေစဉ် ဆောင်ရွက်ထားရှိရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက မီးရှူးမီးပန်းအလှဆင်ပစ်ဖောက်ရန် ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မည့်အစီအစဉ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင် ပါဝင်မည့်ဖျော်ဖြေရေး အစီအစဉ်များ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှုစသဖြင့် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ယင်းနောက် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

---

## ဖျာပုံမြို့နယ်၌ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**ဖျာပုံ ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ အခြေခံပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏ အားထားရသော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်နှင့် မျိုးဆက်သစ်လူငယ်ဘောလုံးသမားများ ဖြစ်လာစေရန်ရည်ရွယ်၍ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂ ရက်က ပြည်သူ့အားကစားကွင်းကြီး၌ ကျင်းပသည်။



အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းက မြို့နယ်အတွင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ ဒေသအတွင်း အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာစေရန်၊ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမားများ အနေဖြင့် စည်းကမ်းပြည့်ဝသော အားကစားသမားကောင်းများ ဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အ.ထ.က ကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၂ ရက်မှ ၁၇ ရက်အထိ အုပ်စုပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

---

## ပေါင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပေါင် ဇူလိုင် ၃**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ကဒါရပ်ကွက် မင်္ဂလာဈေး၌ ဖြန့်ဝေခဲ့သည်။



ရှေးဦးစွာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပေါင်မြို့နယ် ဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများက အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို မြို့နယ်အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်နှင့် ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များကိုဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

---

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် အကျုံးဝင်သည့်သူ တစ်ဦးတစ်ယောက်မျှ ကျန်ရှိခြင်းမရှိစေရေးဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ရေးဆွဲပြုစုလျက်ရှိသော အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာ (၂၀၂၅-၂၀၂၉) National Immunization Strategy (NIS) (2025-2029) ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာစေရန်**

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယခုရေးဆွဲလျက်ရှိသော National Immunization Strategy သည် မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ ငါးနှစ်အတွင်းတွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အရေးကြီးသောလမ်းပြမြေပုံတစ်ခုဖြစ်ကြောင်း၊ နောင်အနာဂတ် ၁၀ နှစ်တာအတွက် မျှော်မှန်းရလဒ်များ ရရှိစေရေးအတွက် ငါးနှစ်တာဆောင်ရွက်ရမည့်လုပ်ငန်းများကို ရေးဆွဲပြုစုထားခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများ အားလုံးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ နည်းဗျူဟာဆိုင်ရာ လမ်းညွှန်မှုအနေဖြင့် အသုံးပြုနိုင်ရန်အတွက်လည်းဖြစ်ကြောင်း၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာ ရေးဆွဲရာတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းအတွက် လိုအပ်သောအရင်းအမြစ်များ၊ ကုန်ကျစရိတ်များကို ခန့်မှန်းတွက်ချက်ခြင်း၊ ကြုံတွေ့လာနိုင်သောအခက်အခဲများကို ဖြေရှင်းမည့်နည်းလမ်းများဖော်ထုတ်ခြင်း၊ ဝေးလံခက်ခဲသော (Hard to reach) ဒေသများအတွက် အထူးစီမံချက်များ ရေးဆွဲခြင်း၊ အစုအဝေးနှင့် နေထိုင်သောစုရပ်များနှင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ခက်ခဲသောဒေသများတွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာစေရန် ဆောင်ရွက်ရမည့်အချက်များ ထည့်သွင်းရေးဆွဲရန် လိုအပ်ကြောင်း။

**မဟာဗျူဟာရေးဆွဲနိုင်ရေး**

ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် အကျုံးဝင်သည့်သူ တစ်ဦးတစ်ယောက်မျှ ကျန်ရှိခြင်းမရှိစေရေးနှင့်တိကျမှန်ကန်သော ကိန်းဂဏန်းအချက်အလက်များရရှိစေရေး၊ ကာကွယ်ဆေး လိုအပ်ချက်များအတွက် ဦးစားပေးဆောင်ရွက်စေရေး၊ ကာကွယ်ဆေးထိုးနှံခြင်းများကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများ တိုးတက်လာစေရေးတို့အတွက် လိုအပ်သောစွမ်းအားစုများကို ခန့်မှန်းတွက်ချက်ပြီး ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်း၊ National Immunization Strategy (2025-2029) ငါးနှစ်တာရေးဆွဲရာတွင် အရည်အသွေးပြည့်ဝ၍ လက်တွေ့အသုံးဝင်သော မဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် တက်ရောက်လာသူများအားလုံး ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးရန် ပြောကြားသည်။

**ပြန်လည်ဆွေးနွေး**

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်သစ္စာလွင်က National Immunization Strategy (2025-2029) ရေးဆွဲရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် Dr. David Sulaberidze က ရေးဆွဲထားသော National Immunization Strategy (2025-2029) (မူကြမ်း) ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

**တာဝန်ရှိသူများတက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့နှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများက တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် Clinton Health Access Initiative (CHAI) အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၅)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၇)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၅)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၇)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ဥက္ကဋ္ဌရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ခေါင်းဆောင်ကောင်းများပီသစွာ**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းကို နိုင်ငံတော်၏မူဝါဒ၊ လုပ်ငန်းစဉ်များကို ကောင်းစွာသိရှိစေရန်၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် သဘောတရားကို နားလည်ပြီး သန့်ရှင်းသောအစိုးရအကောင်အထည်ဖော်ရာ၌ အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများရရှိစေပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာဥပဒေတို့ကိုသိရှိကာ စီမံခန့်ခွဲရေးလုပ်ငန်း တာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့်အညီ ကျင့်သုံးလိုက်နာတတ်စေရန်၊ စီမံခန့်ခွဲမှုဆိုင်ရာ အယူအဆသစ်များကို လေ့လာသိရှိပြီး မိမိတာဝန်ယူရသည့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးကဏ္ဍတို့တွင် ဦးဆောင်နိုင်မှုစွမ်းရည်မြင့်မားလာစေရန်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၏အဆင့်မြင့်တာဝန်များကို ခေါင်းဆောင်ကောင်းများ ပီသစွာဖြင့် အောင်မြင်စွာ သယ်ပိုးထမ်းရွက်နိုင်မည့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများနှင့် အဆင့်မြင့်အရာရှိကောင်းများ ပေါ်ထွက်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ် မြော်မြင်တတ်စေရန်တို့အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

**ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်**

ယခုသင်တန်းကရရှိခဲ့သည့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတ၊ အတွေ့အကြုံများကို မိမိတို့ လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချကြရန်၊ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်၏ စီမံအုပ်ချုပ်မှုယန္တရားအတွင်း ကျရာကဏ္ဍမှ စေတနာထား၍ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန်နှင့် မိမိတို့လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူများအဖြစ် အစဉ်ကြိုးပမ်း ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ်(၁၅)သို့ သင်တန်းသား သင်တန်းသူ ၂၃ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ဇူလိုင် ၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်တွင် သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဆွေးနွေးပွဲပြုလုပ်

**မန္တလေး ဇူလိုင် ၃**

မန္တလေး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ပိဋကရာမမြတ်စွာဘုရားဓမ္မာရုံတွင် သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပပြုလုပ်ရာ ရပ်ကွက်နေပြည်သူ ၁၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး ဆွေးနွေးပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများနှင့်ဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်များ ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြပြီး တက်ရောက်လာသူများကို သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များဝေငှပေးကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လတ်တလောဖြစ်ပွားနေသော ကချင်ပြည်နယ် ရေကြီးရေလျှံမှုအပါအဝင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တစ်လျှောက် ဆက်စပ် ဖြစ်ပွားလာနိုင်သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ၊ မုတ်သုံကာလအတွင်း လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာများ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေး ခေါ်ယူခြင်းဖြစ်ကြောင်း၊ ကဏ္ဍအလိုက် ကြိုတင်စီမံထားရှိမှုများကို တင်ပြကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။



ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်ကော်မတီဝင်များက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဒေသခံပြည်သူများနှင့် အစိုးရတာဝန်ရှိသူများအကြား ပေါင်းစည်းဆောင်ရွက်ရန် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြစ်ရေကြီးမှုအခြေအနေကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ မြစ်ရေပြန်လည်ကျဆင်းသွားပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၊ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်နှင့် ခန္တီးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၃**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများအတွင်းသို့ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

**စုပေါင်းသန့်ရှင်းဆောင်ရွက်**

ယနေ့မွန်းတည့် ၁၂ နာရီတွင် မြစ်ရေပြန်လည်ကျဆင်းခဲ့သဖြင့် မြို့တွင်းလမ်းများပေါ်၌ အမှိုက်များ၊ ဒိုက်များ၊ နုန်းများ တင်ကျန်လျက်ရှိရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။





ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကချင်ပြည်နယ် ဗန်းမော်မြို့၌လည်း ဇူလိုင် ၂ ရက်မှစ၍ မြစ်ရေဝင်ရောက်ခဲ့ရာ ဗန်းမော်မြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ထက် ကျော်လွန်ခဲ့ကာ မြစ်ရေ ဝင်ရောက်လျက်ရှိသော အိမ်ထောင်စု ၄၃၉၉ စုခန့်၊ လူဦးရေ ၂၂၃၆၁ ဦးခန့်ကိုလည်းကောင်း၊ ရွှေကူမြို့နယ်၌ ဇူလိုင် ၂ ရက်မှစ၍ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ခဲ့သဖြင့် မြစ်ရေဝင်ရောက်လျက်ရှိသော အိမ်ထောင်စုဝင် ၁၁၀ ခန့်၊ လူဦးရေ ၄၈၂ ဦးခန့်တို့ကိုလည်းကောင်း နယ်မြေခံ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့တွင် ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လာသဖြင့် စိုးရိမ်ရေမှတ်ထက်ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါမိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့် ဆင်သေကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည်။

**ကူညီရွှေ့ပြောင်းပေး**

အဆိုပါ မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၈၈ စု၊ လူဦးရေ ၆၅၈ ဦးတို့ကို မြသိန်းတန်ဘုရားကုန်း၊ တပ်ဦးနန္ဒဝန်ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း (ဇီးဖြူကုန်း)တို့၌ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဧရာဝတီနှင့်ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော်ခန့် (၆၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့် (၁၇၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# "အငြိမ်းစားမိဘပြည်သူများသို့ အသိပေးကြေညာချက်"

မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို e – Pension စနစ်မှ Centralized e – Pension စနစ်သို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှစ၍ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ Centralized e – Pension စနစ် ဆောင်ရွက်နေသည့်ဘဏ်ခွဲပေါင်း (၁၀၀) ဘဏ်ရှိပြီဖြစ်ပါသည်။ အဆိုပါဘဏ်ခွဲများရှိ အငြိမ်းစားများအနေဖြင့် အောက်ဖော်ပြပါ ဘဏ်ခွဲ (၁၀၀) အနက် မည်သည့်ဘဏ်ခွဲတွင်မဆို ပင်စင်လစာများကို ဝန်ဆောင်ခအခမဲ့ဖြင့် ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်းနှင့် ဝန်ဆောင်မှုထပ်တိုးသည့် ဘဏ်ခွဲအမည်စာရင်းအား www.meb.gov.mm နှင့် Myanma Economic Bank Facebook Page တို့တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၁။ ပျဉ်းမနားဘဏ်ခွဲ | ၂၁။ ငွေစုဘဏ်ခွဲ(၃) | ၄၁။ တာချီလိတ်ဘဏ်ခွဲ | ၆၁။ ကော့သောင်းဘဏ်ခွဲ | ၈၁။ တိုက်ကြီးဘဏ်ခွဲ |
| ၂။ လယ်ဝေးဘဏ်ခွဲ | ၂၂။ ငွေစုဘဏ်ခွဲ(၄) | ၄၂။ လွိုင်လင်ဘဏ်ခွဲ | ၆၂။ ဇနိးမော်ဘဏ်ခွဲ | ၈၂။ လှည်းကူးဘဏ်ခွဲ |
| ၃။ တပ်ကုန်းဘဏ်ခွဲ | ၂၃။ သန်လျင်ဘဏ်ခွဲ | ၄၃။ လားရှိုးဘဏ်ခွဲ | ၆၃။ မုံရွာဘဏ်ခွဲ | ၈၃။ မှော်ဘီဘဏ်ခွဲ |
| ၄။ ပုဗ္ဗသီရိဘဏ်ခွဲ | ၂၄။ ကြည့်မြင်တိုင်ဘဏ်ခွဲ | ၄၄။ စစ်ကိုင်းဘဏ်ခွဲ | ၆၄။ ရွှေဘိုဘဏ်ခွဲ | ၈၄။ ထန်းတပင်(အင်းစိန်)ဘဏ်ခွဲ |
| ၅။ ဘဏ်ခွဲ(၁)၊ မန္တလေး | ၂၅။ ကမာရွတ်ဘဏ်ခွဲ | ၄၅။ မြောင်ဘဏ်ခွဲ | ၆၅။ ဘုတလင်ဘဏ်ခွဲ | ၈၅။ ရွှေပြည်သာဘဏ်ခွဲ |
| ၆။ ဘဏ်ခွဲ(၂)၊ မန္တလေး | ၂၆။ သဃ်ာန်းကျွန်းဘဏ်ခွဲ | ၄၆။ ဘားအံဘဏ်ခွဲ | ၆၆။ ခင်ဦးဘဏ်ခွဲ | ၈၆။ လှိုင်သာယာဘဏ်ခွဲ |
| ၇။ ဘဏ်ခွဲ(၃)၊ မန္တလေး | ၂၇။ တာမွေဘဏ်ခွဲ | ၄၇။ မြဝတီဘဏ်ခွဲ | ၆၇။ ဒီပဲယင်းဘဏ်ခွဲ | ၈၇။ မင်္ဂလာဒုံဘဏ်ခွဲ |
| ၈။ ညောင်ဦးဘဏ်ခွဲ | ၂၈။ မြောက်ဥက္ကလာပဘဏ်ခွဲ | ၄၈။ ကော့ကရိတ်ဘဏ်ခွဲ | ၆၈။ နမ္မတူဘဏ်ခွဲ | ၈၈။ ကော့မှူးဘဏ်ခွဲ |
| ၉။ မိတ္ထီလာဘဏ်ခွဲ | ၂၉။ အင်းစိန်ဘဏ်ခွဲ | ၄၉။ မကွေးဘဏ်ခွဲ | ၆၉။ ရမ်းဗြဲဘဏ်ခွဲ | ၈၉။ ကွမ်းခြံကုန်းဘဏ်ခွဲ |
| ၁၀။ ပြင်ဦးလွင်ဘဏ်ခွဲ | ၃၀။ ပဲခူးဘဏ်ခွဲ | ၅၀။ သရက်ဘဏ်ခွဲ | ၇၀။ ကွတ်ခိုင်ဘဏ်ခွဲ | ၉၀။ ကျောက်တန်းဘဏ်ခွဲ |
| ၁၁။ မြင်းခြံဘဏ်ခွဲ | ၃၁။ တောင်ငူဘဏ်ခွဲ | ၅၁။ မင်းဘူးဘဏ်ခွဲ | ၇၁။ မိုးမိတ်ဘဏ်ခွဲ | ၉၁။ အမရပူရဘဏ်ခွဲ |
| ၁၂။ ကျောက်ဆည်ဘဏ်ခွဲ | ၃၂။ သာယာဝတီဘဏ်ခွဲ | ၅၂။ ပခုက္ကူဘဏ်ခွဲ | ၇၂။ မဘိမ်းဘဏ်ခွဲ | ၉၂။ ပုသိမ်ကြီးဘဏ်ခွဲ |
| ၁၃။ ရမည်းသင်းဘဏ်ခွဲ | ၃၃။ ပြည်ဘဏ်ခွဲ | ၅၃။ ဘဏ်ခွဲ(၁)၊မော်လမြိုင် | ၇၃။ ဆီဆိုင်ဘဏ်ခွဲ | ၉၃။ ဝမ်းတွင်းဘဏ်ခွဲ |
| ၁၄။ ဘဏ်ခွဲ(၁)၊ ရန်ကုန် | ၃၄။ ပုသိမ်ဘဏ်ခွဲ | ၅၄။ ဘဏ်ခွဲ(၂)၊မော်လမြိုင် | ၇၄။ ကျောက်ပန်းတောင်းဘဏ်ခွဲ | ၉၄။ သာစည်ဘဏ်ခွဲ |
| ၁၅။ ဘဏ်ခွဲ(၂)၊ ရန်ကုန် | ၃၅။ ဟင်္သာတဘဏ်ခွဲ | ၅၅။ သထုံဘဏ်ခွဲ | ၇၅။ ကလောဘဏ်ခွဲ | ၉၅။ ပျော်ဘွယ်ဘဏ်ခွဲ |
| ၁၆။ ဘဏ်ခွဲ(၃)၊ ရန်ကုန် | ၃၆။ မြောင်းမြဘဏ်ခွဲ | ၅၆။ စစ်တွေဘဏ်ခွဲ | ၇၆။ ချောက်ဘဏ်ခွဲ | ၉၆။ အိမ်မဲဘဏ်ခွဲ |
| ၁၇။ ဘဏ်ခွဲ(၄)၊ ရန်ကုန် | ၃၇။ မအူပင်ဘဏ်ခွဲ | ၅၇။ သံတွဲဘဏ်ခွဲ | ၇၇။ တောင်တွင်းကြီးဘဏ်ခွဲ | ၉၇။ ရေကြည်ဘဏ်ခွဲ |
| ၁၈။ ဘဏ်ခွဲ(၅)၊ ရန်ကုန် | ၃၈။ ဖျာပုံဘဏ်ခွဲ | ၅၈။ ကျောက်ဖြူဘဏ်ခွဲ | ၇၈။ ဒလဘဏ်ခွဲ | ၉၈။ ကျုံပျော်ဘဏ်ခွဲ |
| ၁၉။ ဘဏ်ခွဲ(၆)၊ ရန်ကုန် | ၃၉။ တောင်ကြီးဘဏ်ခွဲ | ၅၉။ မြိတ်ဘဏ်ခွဲ | ၇၉။ ဒဂုံ-တောင်ဘဏ်ခွဲ | ၉၉။ ဝါးခယ်မဘဏ်ခွဲ |
| ၂၀။ ငွေစုဘဏ်ခွဲ(၁) | ၄၀။ ကျိုင်းတုံဘဏ်ခွဲ | ၆၀။ ထားဝယ်ဘဏ်ခွဲ | ၈၀။ ဒဂုံ-မြောက်ဘဏ်ခွဲ | ၁၀၀။ အင်္ဂပူဘဏ်ခွဲ |

**မြန်မာ့စီးပွားရေးဘဏ်**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပခဲ့သည့် နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲ(နဂါးလှေ) ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုဖြင့် နိုင်ငံအလိုက်ပထမရရှိသော အောင်ပွဲရမြန်မာအားကစားအဖွဲ့အားကြိုဆို

**ရန်ကုန် ဇူလိုင် ၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Barnaul မြို့၌ နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲ (နဂါးလှေပြိုင်ပွဲ) (Altai Regatta Dragon Festival ) ပြိုင်ပွဲတွင် မြန်မာရွှေတံဆိပ်နှစ်ခုဖြင့် နိုင်ငံအလိုက် ပထမရရှိသော အောင်ပွဲရမြန်မာအားကစားအဖွဲ့သည် ယနေ့နံနက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



မြန်မာလှေလှော်အားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာအသင်းသည် မီတာ ၂၀၀ နှင့် မီတာ ၅၀၀ တို့တွင် ပထမဆု ရွှေတံဆိပ်တစ်ခုစီ ရယူခဲ့ပြီး မီတာ ၂၀၀၀ တွင် မြန်မာအသင်းအနေဖြင့်အကောင်းဆုံးယှဉ်ပြိုင်လှော်ခတ် သွားနိုင်သော်လည်း ရလဒ်အနေဖြင့် အဆင့် ၆ ဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် ရုရှား၊ မလေးရှား၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဥဇဘက်ကစ္စတန်၊ မြန်မာနိုင်ငံတို့ပါဝင်ကာ အသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်/နည်းပြ နှစ်ဦး၊ အမျိုးသား အားကစားသမား ၁၂ ဦးတို့ ပြန်လည်လိုက်ပါကြောင်း သိရသည်။

**အာကာစိုး**

## မြန်အောင်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုး

**မြန်အောင် ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက နွယ်ငြိမ်းတောင်ပေါ် ကျောင်းဝင်းအနီး၌ ကျင်းပစိုက်ပျိုးကြသည်။

ရှေးဦးစွာ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြန်



အောင်ရွှေပြည်သာ ရေနံမြေအထွေထွေမန်နေဂျာ ဦးစိုးသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများက သတ်မှတ်နေရာများတွင် နေရာယူပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက တက်ရောက်လာသူများကို ပျိုးပင်များဖြန့်ဝေပေးအပ်ပြီး ယမနေပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက် လာသူများကလည်း သတ်မှတ်နေရာ အသီးသီးတွင် ပျော်ရွှင်စွာ စိုက်ပျိုးကြသည်။ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများ၊ အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများဖြစ်သည့် ကျွန်း၊ ပိတောက်၊ မန်ကျည်းရှား၊ ခရေ၊ ကံ့ကော်စသည့်သစ်မျိုး ရှစ်မျိုး စုစုပေါင်း အပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ရောဦးသာ (မြန်အောင်)**

## ဆီဆိုင်မြို့နယ် ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့ကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ်ရှိ ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့ကို ဇွန် ၂၇ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ဒေသခံနေအိမ် ၁၆ လုံး ထက်မနည်း မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့မှ ဒေသခံနေအိမ်များကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် ၎င်းကျေးရွာများတွင် မည်သည့် မီးလောင်ပျက်စီးမှုမှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

ဆီဆိုင်မြို့နယ်အတွင်း PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ကျေးရွာများ မီးလောင်ပျက်စီးခဲ့ရပြီး




ဒေသခံပြည်သူများ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်လျက်ရှိသည့်အတွက် နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက ဒေသတည်ငြိမ်အေးချမ်းမှု မရှိစေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီးမှုဒဏ်ကို လူပေါင်း ၁ ဒသမ ၁ သန်းကျော် ခံစားနေရ



နယူးဒေလီ ဇူလိုင် ၃

**အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုအခြေအနေကို ပိုမိုဆိုးရွားစေပြီး နောက်ထပ်ဒေသများပါ ရေလွှမ်းမိုးမှုဖြစ်ပေါ်လျက်ရှိသည်ဟု ဇူလိုင် ၃ ရက်တွင် အာဏာပိုင်များက သတင်းထုတ်ပြန်သည်။**

ခရိုင် ၂၈ ခုရှိ လူပေါင်း ၁ ဒသမ ၁ သန်းကျော်မှာ လက်ရှိရေလွှမ်းမိုးမှုဒဏ်ကိုခံစားနေရပြီး သေဆုံးသူဦးရေမှာလည်း ၃၈ ဦးအထိ ရှိလာကြောင်း အာသံပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေးဌာန အာဏာပိုင်အဖွဲ့က ပြောသည်။ ဇူလိုင် ၂ ရက်တွင်လည်း ရေကြီးမှုကြောင့် လူသုံးဦးထက်မနည်း သေဆုံးခဲ့သည်။ အာဏာပိုင်များက ကယ်ဆယ်ရေးစခန်း ၁၃၀ ထူထောင်ပြီး အစားအသောက်ဖြန့်ဝေရေးစင်တာ ၃၅၉ ခု ဖွင့်လှစ်ပေးခဲ့သည်ဟု သိရသည်။

ကယ်ဆယ်ရေးစခန်းပေါင်း ၁၃၀ တွင် ပြောင်းရွှေ့နေထိုင်သူ ၁၈၄၅၉ ဦးရှိပြီး အစားအသောက်ဖြန့်ဝေရေးစင်တာများတွင် လာရောက်စားသုံးသူပေါင်း ၂၆၈၃၁၇ ဦးရှိသည်ဟု သိရသည်။ လက်ခ်ဟင်ပူ၊ ဒဲရိတ်ချ်၊ ဂိုလာဂတ်နှင့် ဒဲမာဂျီခရိုင်တို့တွင် ရေလွှမ်းမိုးမှုဒဏ်ကို အဆိုးရွားဆုံး ခံစားရသည်ဟု အာသံပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေးဌာန အာဏာပိုင်အဖွဲ့က ပြောသည်။

မိုးဆက်လက်ရွာသွန်းမည်ဟု ခန့်မှန်းမှုများရှိသည့်အတွက် လာမည့်ရက်များအတွင်း အခြေအနေများပို၍ ဆိုးရွားလာနိုင်သည်ဟု အာဏာပိုင်များက ယူဆထားသည်။ မေလအတွင်းကလည်း ဆိုင်ကလုန်းမုန်တိုင်း ရီမယ်လ်သည် ဘင်္ဂလားဒေ့ရှ်နှင့် အနောက်ဘင်္ဂလားကမ်းရိုးတန်းမှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သည်။ ထို့ကြောင့် မေ ၂၆ ရက်တွင် အာသံပြည်နယ်၌ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။ ဇွန်လအတွင်း အာသံပြည်နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ပြည်နယ်အတွင်း နေရာအတော်များများတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။ မုတ်သုံရာသီတွင် အာသံပြည်နယ်၌ နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသည်။ **ဆင်ဟွာ**

## သေဆုံးသူ ၁၂၁ ဦးထက်မနည်းရှိသော လူအုပ် စုပြုံတိုးဝှေ့မှုနှင့်ပတ်သက်ပြီး အိန္ဒိယရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေး

**နယူးဒေလီ ဇူလိုင် ၃**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိန္ဒူဘာသာရေးစုဝေးပွဲစီစဉ်သူများကို အိန္ဒိယရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၏ နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး လူအုပ် စုပြုံတိုးဝှေ့မှုကြောင့် လူပေါင်း ၁၂၁ ဦးထက်မနည်း သေဆုံးခဲ့သည်။



ဥတ္တရပရာဒက်ရှ်ပြည်နယ် ဟာထရပ်စ်ခရိုင်ဆေးရုံ၌ ထိခိုက်ဒဏ်ရာရရှိသူများ ဆေးဝါးကုသမှုခံယူစဉ်။

အဆိုပါ လူအုပ်စုပြုံတိုးဝှေ့မှုမှာ မြို့တော်နယူးဒေလီမှ ကီလိုမီတာ ၂၀၀ ခန့်အကွာ ဥတ္တရပရာဒက်ရှ်ပြည်နယ်၌ အင်္ဂါနေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘာသာရေးခေါင်းဆောင်တစ်ဦး၏ ဟောပြောမှုများကိုနာထောင်ရန် အပူချိန်မြင့်တက်နေသော လဟာပြင်နေရာတစ်ခု၌ လူပေါင်းထောင်ချီစုဝေးခဲ့ကြကြောင်း ဒေသတာဝန်ရှိသူများက ပြောသည်။

အသက်ရှင် လွတ်မြောက်သူတစ်ဦးက ဟောပြောမှုများပြီးဆုံးပြီးနောက်တွင် လူအုပ် စုပြုံတိုးဝှေ့မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ပြောသည်။ သေဆုံးသူအများစုမှာ အမျိုးသမီးများ ဖြစ်ကြောင်းနှင့် လူပေါင်း ၃၀ ကျော်မှာ ဆေးရုံ၌ အသီးသီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ပွဲစီစဉ်သူများသည် ခွင့်ပြုထားသည့် အဆင့်ထက်ကျော်လွန်ကာ လူများကို ပိုမိုစုရုံးခွင့်ပေးခဲ့သည်ဟု စုံစမ်းစစ်ဆေးသူများက ယုံကြည်ထားသည်။ အိန္ဒိယနိုင်ငံ၌ လူအုပ် စုပြုံတိုးဝှေ့မှုများနှင့် အခြားသော မတော်တဆမှုများမှာ ဘာသာရေးစုဝေးပွဲများ၌ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံအလယ်ပိုင်း မက်ဒရာပရာဒက်ရှ်ပြည်နယ်ရှိ ဘုရားကျောင်းတစ်ခုသို့သွားသော တံတားတစ်စင်းပေါ်တွင် လူအုပ် စုပြုံတိုးကြိတ်မှုဖြစ်ပွားကာ ဘုရားဖူးသူ ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ဂါဇာကမ်းမြောင်အလယ်ပိုင်း၌ အစ္စရေးလေကြောင်းတိုက်ခိုက်၊ ၁၂ ဦးထက်မနည်း သေဆုံး

**ဂါဇာ ဇူလိုင် ၃**

အစ္စရေးက ဂါဇာကမ်းမြောင် အလယ်ပိုင်း ဒယ်အယ်ဘာလာမြို့ရှိ တိုက်ခန်းတွဲတစ်ခုကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ရာ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်က ဇူလိုင် ၂ ရက်က ပြောကြားခဲ့သည်။



ဒဏ်ရာရရှိသူများကို ဒယ်အယ်ဘာလာမြို့ရှိအယ်အက်ဆာဆေးရုံသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ အဆိုပါ ပစ်ခတ်တိုက်ခြင်းနှင့်ပတ်သက်ပြီး အစ္စရေးတပ်ဖွဲ့အပေါ် တစ်စုံတစ်ရာ မှတ်ချက်ပြုပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ဇူလိုင် ၂ ရက် သတင်းထုတ်ပြန်ချက်တွင် အစ္စရေးတပ်ဖွဲ့များက ဂါဇာမြောက်ပိုင်း ရှီဂျိုင်းရာ၊ ဂါဇာတောင်ပိုင်း ရာဖာနှင့် ဂါဇာအလယ်ပိုင်းတို့ကို ထိုးစစ်ဆင်နွှဲမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြထားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့သည် ပါလက်စတိုင်း ၂၅ ဦးကို သတ်ဖြတ်ခဲ့ပြီး ၈၁ ဦးကို ဒဏ်ရာရစေခဲ့ပြီးနောက် ဂါဇာတွင် ပါလက်စတိုင်း သေဆုံးသူဦးရေမှာ ၃၇၉၂၅ ဦးအထိ ရှိလာခဲ့ပြီး ဒဏ်ရာရရှိသူ ၈၇၁၄၁ ဦးအထိ ရှိလာခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၂ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းနယ်စပ်တစ်လျှောက်၌ ဖြစ်ပွားခဲ့သော ဟားမားစ်တို့၏သောင်းကျန်းမှုကို လက်တုံ့ပြန်ရန်အတွက် အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်ဒေသရှိဟားမားစ်တို့ကို ထိုးစစ်ဆင်မှု အကြီးအကျယ်ပြုလုပ်လျက်ရှိသည်။ ဟားမားစ်တို့၏ သောင်းကျန်းခဲ့မှုအတွင်း အစ္စရေး ၁၂၀၀ ခန့် သေဆုံးခဲ့ပြီး ၂၅၀ ကျော် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်း ခံခဲ့ရသည်။ **ဆင်ဟွာ**

## အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာအကြီးတန်းတပ်မှူး သေဆုံး

**ဘီရွတ် ဇူလိုင် ၃**

လက်ဘနွန်နိုင်ငံ အနောက်တောင်ပိုင်း တိုင်ရီမြို့အရှေ့ဘက် အယ်ဟို့ရှ်ဒေသရှိ အရပ်ဘက်ကားတစ်စီးကို ပစ်မှတ်ထားပြီး ဗုဒ္ဓဟူးနေ့တွင် အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ကြောင်း လက်ဘနွန်တပ်မတော်အခြေစိုက် သတင်းအရင်းအမြစ်များက ဆင်ဟွာသို့ ပြောသည်။

အစ္စရေးဒရုန်းတစ်စင်းက ကားတစ်စီးကို ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်နှစ်စင်းပစ်လွှတ်ခဲ့ကြောင်း၊ ကားမှာ မီးလောင်ပြီး ယာဉ်မောင်းနှင့် ၎င်း၏အပေါင်းအပါမှာ သေဆုံးခဲ့ကြောင်း သိရသည်။ ယာဉ်မောင်းမှာ ဟစ်ဇ်ဘိုလာတပ်ဖွဲ့မှ တပ်မှူးတစ်ဦးအဖြစ် ဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်ပြီး ဟစ်ဇ်ဘိုလာအဖွဲ့က မှတ်ချက်ပေးခြင်း မရှိသေးပေ။ အစ္စရေးတပ်မတော်ဘက်က လက်ဘနွန်ကို တိုက်ခိုက်ရန် စစ်ရေးအစီအစဉ်များကို အတည်ပြုကြောင်း ကြေညာလိုက်ပြီးနောက် ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတို့အကြား တင်းမာမှုများ မြင့်တက်လျက်ရှိသည်။ **ဆင်ဟွာ**

## အယ်လ်ဇိုင်းမား ဆေးသစ် အမေရိကန်အက်ဖ်ဒီအေ အတည်ပြု

**ဝါရှင်တန် ဇူလိုင် ၃**

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့ (အက်ဖ်ဒီအေ)က အယ်လ်ဇိုင်းမားရောဂါအတွက် ဆေးဝါးအသစ်ကို အတည်ပြုပေးခဲ့သည်။ အဆိုပါဆေးသည် အယ်လ်ဇိုင်းမားရောဂါအခြေအနေ ဖြစ်ပွားမှုနှုန်းကို သိသိသာသာနှေးကွေးသွားနိုင်သည်ဟု အတည်ပြုခဲ့ပြီးနောက် ဆေးကို ထောက်ခံချက်ပေးခဲ့ခြင်းဖြစ်သည်။ ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုများအရ donanemab ၏ ထိရောက်မှုကို အတည်ပြုကြောင်း အမေရိကန် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးအဖွဲ့က ဇူလိုင် ၂ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါဆေးကို အမေရိကန် ဆေးဝါးကုမ္ပဏီကြီးဖြစ်သည့် အီလိုင်လီလီမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အမ်မလွိုက်ဘီတာ ဟုခေါ်သော ပုံမှန်မဟုတ်သည့် ပရိုတင်းတစ်မျိုးသည် အယ်လ်ဇိုင်းမားလူနာ၏ ဦးနှောက်တွင် စုပုံနေကြောင်း သိရသည်။

အဆိုပါပရိုတင်းသည် အာရုံကြောဆဲလ်များကို ဖျက်ဆီးပစ်ကာ အာရုံကြောများ ယိုယွင်းပျက်စီးမှုဖြစ်စေသောရောဂါကို ဖြစ်ပွားစေသည်ဟု ယုံကြည်ကြသည်။ donanemab ဆေးသည် အမ်မလွိုက်ဘီတာ ပရိုတင်းနှင့်ချိတ်ဆက်ပြီး ၎င်းကိုဖယ်ရှားပေးသည့် ပဋိဇီဝဆေးတစ်မျိုးဖြစ်သည်။ အယ်လ်ဇိုင်းမားရောဂါသည် ရောဂါဖြစ်ပွားသူနှင့် ၎င်းတို့ချစ်ခင်မြတ်နိုးရသူများအတွက် ကြောက်မက်ဖွယ်ရောဂါတစ်မျိုးဖြစ်သည်ဟု အမေရိကန် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့က ပြောသည်။ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် အီလိုင် လီလီသည် ယမန်နှစ်က ဂျပန်နိုင်ငံတွင် ဆေးဝါးအတွက် ခွင့်ပြုချက်ရယူရန် လျှောက်လွှာတင်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ပခုက္ကူဈေးကွက်သို့ နှမ်းနက်(စမုံ)နှင့် နှမ်းဖြူများ လှိုင်လှိုင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် အတွင်းရှိ မြစ်ခြေရွာ၊ ကမ္မရွာနှင့် ရေစကြိုမြို့နယ် အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော နှမ်းနက်(စမုံ)နှင့် နှမ်းဖြူများ ပခုက္ကူဈေးကွက်သို့ လှိုင်လှိုင် ဝင်ရောက်၍ တစ်ရက်လျှင် တစ်တင်းခွဲ ဝင်အိတ် ၅၀ မှ ၂၀၀ အထိ အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း၊ ဈေးကွက်အနေဖြင့် နှနှမ်းများကို ပခုက္ကူမြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်၊ နှမ်းလှော်လုပ်ငန်းရှင်များနှင့် မကွေး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ကုန်ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

## ပခုက္ကူဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေသော CP ပြောင်းဈေးကွက်



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူဈေးကွက်၌ ပဲစင်းငုံနီ၊ မတ်ပဲ၊ ကုလားပဲနှင့် CP ပြောင်း စသည့်သီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ မြင်းဝင်း၊ ငကျော်၊ နန်းတော်ရပ် စသည့် ကျေးရွာအုပ်စုများအပြင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော CP ပြောင်းများ ပခုက္ကူဈေးကွက်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဇွန်လ နောက်ဆုံးပတ်အတွင်း တစ်ရက်လျှင် CP ပြောင်းအိတ်ရေ ၂၀၀ မှ ၃၀၀ အထိ အရောင်းအဝယ်ဖြစ် လျက်ရှိပြီး ဈေးကွက်အနေဖြင့် မြန်မာပြည်အောက်ပိုင်း၊ မန္တလေးမြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ DOCA (မကွေး)

## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ကျဆင်း၍ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့် လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မိုးဦးရာသီတွင် ကွမ်းအထွက်နှုန်းများတိုးကာ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများပြားသည့်အတွက် ကွမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

DOCA (စစ်ကိုင်း)



## မင်းလှမြို့နယ်ထွက် ကီလိုမာလကာသီးဈေးကွက်



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်၌ ကီလိုမာလကာသီးများကို စီးပွားဖြစ်သော်လည်းကောင်း၊ တစ်နိုင်တစ်ပိုင်ဖြင့်သော်လည်းကောင်း ဥယျာဉ်ခြံများနှင့် အိမ်ခြံဝင်းများ၌ စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် အပင်ရေ ၃၀၀ ကျော် စိုက်ပျိုးနိုင်ပြီး မျိုးအနေဖြင့် ကိုင်းကူးမျိုးများကို ကျောက်ပန်းတောင်းမြို့မှ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး သုံးလအကြာတွင် အသီးများ စတင်သီးပြီး အသီးများကို တစ်ရက်ခြားလျှင် တစ်ကြိမ်ခူးဆွတ်ရ ကြောင်း၊ ဈေးနှုန်းအနေဖြင့် ကီလိုမာလကာသီးအလုံး အကြီးအသေးအပေါ်မူတည်၍ ရောင်းချလျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှ - သရက်နှင့် မင်းလှ - မလွန်လမ်းဆုံရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

DOCA (မကွေး)

### ၃-၇-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၁၀၀ | ၁၇၀၀၀ | ၆၁၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၆၆၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၂၉၀၀ | ၁၂၅၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၅၇၈၅ | ၁၀၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၇၀၀၀ | ၃၃၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၅၈၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၀၀၀ | ၆၂၃၅ | ၁၁၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၅၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၉၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၂၅၀ | ၁၅၄၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၄၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၈၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၄၀၀ | ၁၄၂၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၃

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၃)အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက်(၁၂)နှစ်နှင့် (၁၄)နှစ် အရွယ် ကလေး သုံးဦးအပါအဝင် ဒေသခံပြည်သူ ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။**

ဖြစ်စဉ်မှာ အကြမ်းဖက်သောင်းကျန်းသူများသည် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် လားရှိုးမြို့အတွင်းသို့ မြို့၏အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့် အကွာမှ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဒုံးသီးများသည် လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၃) သာယာလမ်းပေါ်ရှိ လူနေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အသက်(၁၂) နှစ်နှင့် (၁၄) နှစ်အရွယ် ကလေး သုံးဦးနှင့် ဒေသခံ ပြည်သူ အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခြောက်ဦးသေဆုံးခဲ့သည်။ အဆိုပါ သေဆုံးသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတ အသင်းအဖွဲ့များက လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။


ထို့ပြင် မွန်းလွဲ ၃ နာရီခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးသီးတစ်လုံးသည် လားရှိုးမြို့ ရပ်ကွက်(၁၀) နီလာလမ်းရှိနေအိမ်တစ်လုံးပေါ်သို့ ကျရောက်ခဲ့ပြီး ဒုံးသီးမှာ ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူအန္တရာယ်ကင်းရှင်းစေရေး သွားရောက် ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ယနေ့ညနေ ၄ နာရီခွဲခန့်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်ခဲ့မှုကြောင့် လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁)ရှိ ပန်အုပ်ဘုန်းကြီးကျောင်းဝင်း အတွင်း ရှော့တိုက်ဒုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ရာ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရှော့တိုက်ဒုံးသီးတစ်လုံးသည် ရပ်ကွက်(၄) နယ်မြေ(၃)ရှိ လူနေအိမ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ အမျိုးသားတစ်ဦးသေဆုံးကာ အမျိုးသမီး တစ်ဦး၊ ကလေး တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ဆေးဝါးကုသမှုများ ခံယူရန်အတွက် လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက် သောင်းကျန်းသူများ၏ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများ၏ မြို့/ရွာများအတွင်းသို့ အသက်အန္တရာယ် ထိခိုက်သေကျေသည်အထိ စက်ဆုပ်ရွံရှာဖွယ် ပစ်ခတ်တိုက်ခိုက်ခဲ့မှုသည် စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်း ဖြစ်ပြီး အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများအား ချေမှုန်းနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation) ကို ပြည်သူများနှင့်ပူးပေါင်း၍ တိုးမြှင့် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ။



PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာ-နွားထိုးကြီးသွား ကားလမ်းပေါ်၌ မော်တော်ယာဉ်များအား လုယက်ယူဆောင်သွားသည့် ဖြစ်စဉ်ပြပုံ။

# PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာ-နွားထိုးကြီး လမ်းပေါ်၌ သွားလာလျက်ရှိသည့် “ပိုင် TTA” ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များကို လုယက်ယူဆောင်

**နေပြည်တော် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရန်ကင်းသာစည်ကျေးရွာနှင့် နွားထိုးကြီးမြို့နယ် ရွှေကြာအင်းကျေးရွာ အကြား၌ ဇူလိုင် ၂ ရက် တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ယာဉ်သုံးစီးဖြင့် ရောက်ရှိလာပြီး တောင်သာ – နွားထိုးကြီး သွားကားလမ်း အတိုင်းသွားလာနေသည့် ခရီးသွား မော်တော်ယာဉ်များအား တားဆီးစစ်ဆေးပြီး မော်တော်ယာဉ် ၁၁ စီးကို လုယက်မောင်းနှင်သွားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် တောင်သာ – နွားထိုးကြီးမြို့နယ် ကားလမ်းအတိုင်း သွားလာနေသည့် ခရီးသွားမော်တော်ယာဉ်များအနက် “ပိုင် TTA” ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များကို တားဆီးစစ်ဆေးခြင်းများ ပြုလုပ်၍ ယာဉ်မောင်းများနှင့် ခရီးသည်များကို ပြန်လွှတ်ပေးပြီး “ပိုင် TTA” ပိုင်ဆိုင်သည့် AD Van မော်တော်ယာဉ် လေးစီး၊ Succed မော်တော်ယာဉ် နှစ်စီး၊ Probox မော်တော်ယာဉ်သုံးစီးနှင့် ခြောက်ဘီးကုန်တင်ယာဉ်နှစ်စီး စုစုပေါင်း မော်တော်ယာဉ် ၁၁ စီးတို့ကို လုယက်ယူဆောင်၍ နွားထိုးကြီးမြို့နယ်ဘက်သို့ မောင်းနှင်ထွက်သွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီခန့်တွင် ရွှေကြာအင်းကျေးရွာအနီး၌ အကြမ်းဖက်သမားများယူဆောင်သွားသည့် မော်တော်ယာဉ် ၁၁ စီးကို ထိခိုက်ပျက်စီးမှုမရှိဘဲ ပြန်လည်ရရှိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် အများပြည်သူ သွားလာလျက်ရှိသော လမ်းများပေါ်၌ ခရီးသွားပြည်သူများအား တားဆီးစစ်ဆေးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ပစ္စည်းများ လုယက်ယူဆောင်ခြင်းနှင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိပြီး အဆိုပါ အကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းနှင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







တောင်သာ-နွားထိုးကြီး ကားလမ်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လုယက်ယူဆောင်သွားသည့် ပိုင်TTA ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်းမှ မော်တော်ယာဉ်များ။

# တောင်သူလယ်သမားနှင့် သမဝါယမ

*သိန်းဇော် (ရွှေလီဦး)*

**မုတ်သုံရာသီကာလရောက်ခဲ့လေပြီ။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသည့် ရှေးစကားကို မစောင့်တော့ဘဲ မုတ်သုံမိုး ကောင်းမှုကြောင့် နယုန်မိုးသေး၊ မြက်သားမမွေးနိုင်တော့ဘဲ လယ်ထဲ၊ ကွင်းထဲတွင် မိုးရေတွေဖွေးနေလေပြီ။ ထို့ကြောင့် မိုးကောင်းရေသောက်ဒေသများတွင် တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်ဝင်နေကြသည့် မြင်ကွင်းကား နေရာအနှံ့တွေ့နေရပြီ။**

ထွန်စက်ကြီး၊ ထွန်စက်ငယ်တို့ဖြင့် လည်းကောင်း၊ လယ်ယာသုံးစက်ငယ်များဖြင့် လည်းကောင်း ထွန်ယက်စိုက်ပျိုးနေကြသည်မှာ စက်သံများ ပွဲတင်ထပ်လျက်ရှိနေတော့၏။ ယခင်ကာလက နွားငေါက်သံ၊ နွားမောင်းသံများနှင့်အတူ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်းလုပ်ငန်းတို့မှာ ဟိုအဝေးတွင် ကျန်ခဲ့လေပြီ။ တောင်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် မိသားစုလိုက် ရုန်းကန်လှုပ်ရှားရင်း စိုက်ပျိုးရေး၊ မွေးမြူရေးများ ဆောင်ရွက်ခဲ့ကြရာ တောင်သူလယ်သမားများ ဘဝသည် လုံးချာလည်လျက် ကြွေးဟောင်းဆပ်၊ ကြွေးသစ်ယူ၊ ကြွေးသံသရာထဲမှ ရုန်းမထွက်နိုင်ခဲ့ကြပေ။

ထိုကာလများတွင် နိုင်ငံတော်တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ခေတ်အဆက်ဆက်တွင် စနစ်အမျိုးမျိုးဖြင့် တောင်သူလယ်သမားများဘဝကိုမြှင့်တင်ခဲ့ကြ၏။ သို့သော် ထင်သလောက် ခရီးမပေါက်ခဲ့ပေ။ ထို့အတူ တောင်သူလယ်သမားများဘဝသည်လည်း လူမှုဘဝ မဖွံ့ဖြိုးခဲ့။ ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းမှုလုပ်ငန်းများ မတိုးတက်ခဲ့။ ထိုလုပ်ငန်းများတိုးတက်ရန် အရင်းအနှီး အထူးလိုအပ်လျက်ရှိနေသည်။ စိုက်ဘဏ်မှ ချေးသော ငွေဖြင့်လည်း မလည်ပတ်နိုင်တော့။ ထို့ကြောင့် လယ်သမားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုမရှိသလို၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အရေးပေါ်များစွာကလည်း တောင်သူလယ်သမားများ ဘဝဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းနှင့်အတူ အခက်အခဲများစွာ ကြုံတွေ့ရလေပြီ။ ထို့ကြောင့် လယ်သမားအများစုမှာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဖြစ်နိုင်ရေး အထူးကြိုးစားခဲ့ရသော ကာလများပင်။

ထိုကာလများကို သောင်မတင်၊ ရေမကျဆိုသကဲ့သို့ ကျော်ဖြတ်လာပြီးနောက် "တိုင်း၍ ရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်" ဆိုသလို ကျေးရွာများတွင် သမဝါယမအသင်းများ ပြန်လည်ပေါ်ထွန်းလာခဲ့သည်။ ထိုအသင်းများ၏ ရည်ရွယ်ချက်မှာ အသင်းသားများစုပေါင်း၍ ဆောင်ရွက်ခြင်း၊ တစ်ရွာ ထုတ်ကုန်တစ်မျိုးဆိုသလို ဒေသထွက်ကုန်များ ထုတ်လုပ်ဆောင်ရွက်လာခြင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လာခြင်း၊ ချေးငွေစနစ်ဖြင့် အသင်းသားများ၏ လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများကို အထောက်အပံ့ဖြစ်လာခြင်းစသည်ဖြင့် အကောင်အထည်ဖော်လာကြသည်။




### ရောင်နီသန်းချိန်

အစဉ်အလာကောင်းတစ်ခု၏ ရောင်နီသန်းချိန် ဖြစ်လာခဲ့သည်။ ယခုအခါ ကျေးရွာသမဝါယမ အသင်းများကို သမဝါယမ၏တန်ဖိုးနှင့်အညီ ဖွဲ့စည်းပေးခဲ့သည်။ သမဝါယမတန်ဖိုးသည် မိမိကိုယ်မိမိတာဝန်ယူခြင်း၊ ကူညီခြင်း၊ ဒီမိုကရေစီ တန်းတူညီမျှမှု၊ တရားမျှတမှု စသည့်တန်ဖိုးများ အပေါ် အခြေခံထားရှိပြီး ထုံးတမ်းအစဉ်လာအရ ရိုးသားမှု၊ ပွင့်လင်းမှု၊ လူမှုရေးရာတာဝန်ယူမှုများမှာ သမဝါယမ၏ ကျင့်ဝတ်တန်ဖိုးများဖြစ်ပါသည်။ ထို့အတူသမဝါယမ၏ အခြေခံမူများ၏ အဓိက အချက်များတွင် စုပေါင်းဆောင်ရွက်ခြင်းသည် အခြေခံကျပါ၏။ (အာရှ - ပစိဖိတ် အပြည်ပြည်ဆိုင်ရာ သမဝါယမမဟာမိတ်အသင်း၊ ICA - AP) ၏ အဆိုအရ သမဝါယမအသင်းများသည် အများသဘောတူ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်၊ ရည်မှန်းချက်ပြီးမြောက်စေရန် အသင်းဝင်ကိုယ်တိုင် စီမံဆောင်ရွက်ရသည်။ ပြည်သူ့ဗဟိုပြု စီးပွားရေးလုပ်ငန်းများဖြစ်သည်ဟု လေ့လာမှတ်သားခဲ့ရပါသည်။

ထို့ကြောင့် သမဝါယမအသင်းသားတစ်ဦး ဖြစ်လာသည်နှင့်အညီ စုပေါင်းဆောင်ရွက်ခြင်း အလေ့အကျင့်သည်လည်း ရရှိပြီးဖြစ်ပါသည်။ ထိုကဲ့သို့ စုပေါင်းဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ (ဝါ) သမဝါယမအသင်းသားများ ဖြစ်သော ဆန်စပါးထုတ်လုပ်စိုက်ပျိုးသော တောင်သူလယ်သမားများ၊ မွေးမြူရေးအသင်းသားများအနေဖြင့် အလွန်တန်ဖိုးရှိသော ရလဒ်တစ်ခု ဖြစ်လာခဲ့ပါသည်။

ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသည်မှာ အလွန်ဝမ်းမြောက်ဖွယ်ရာ ကြားသိနေရပါသည်။ ထို့အတူ ကျွန်တော်တို့နေထိုင်ရာ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ရကြပြီး လူမှုစီးပွားဘဝတိုးတက်နေသည့် မြင်ကွင်းများ၊ သတင်းစကားများ အားရဖွယ်ရာ ကြားသိနေရသည်။ တောင်သူလယ်သမားအနေဖြင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာဝန်ကြီးဌာနများကို အထူးကျေးဇူးတင်ကြောင်း စကားသံများလည်း ကြားသိနေရသည်။

### ကြွေးကြီးဆပ်တဲ့နှစ်

**"ကျွန်တော်တို့ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခုလောက်ကတည်းက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ အရင်းအနှီး၊ အထူးသဖြင့် သွင်းအားစုအတွက် အလွန်လိုအပ်ခဲ့ပါတယ်။ ဟိုအဖွဲ့က ချေးမယ်၊ ဒီကုမ္ပဏီကချေးမယ်နဲ့ အသံတွေသာကြားပြီး တကယ်ဖြစ်မလာခဲ့ပါဘူး၊ အခုနိုင်ငံတော်ရဲ့ စေတနာ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှု၊ ခရိုင်/မြို့နယ် တာဝန်ရှိသူတွေရဲ့ ကူညီဆောင်ရွက်ပေးမှုကြောင့် ယမန်နှစ်က ၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီကစပြီး ရာသီအမီသွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးစတာတွေကို တစ်ဧကနှစ်သိန်းနှုန်းတန်ဖိုးရှိတဲ့ သွင်းအားစုတွေရခဲ့တာကြောင့် တစ်ဧက ပန်းတိုင်အထွက်နှုန်းတွေတိုးတက်ရရှိခဲ့သလို နွေစပါးမှာလည်း ပန်းတိုင်အထွက်နှုန်းကျော်လွန်တဲ့အထိ အထွက်ကောင်းခဲ့ပါတယ်။ ဆောင်းသီးနှံဖြစ်တဲ့ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲတွေလည်း အထွက်ကောင်းခဲ့လို့ ကျွန်တော်တို့အနေနဲ့ မိဘဘိုးဘွားတွေ ပြောခဲ့သလို ကြွေးကြီးဆပ်တဲ့နှစ်ပါပဲ၊ လာမယ့် နှစ်တော့ စီးပွားဖြစ်ပြီပေါ့ဗျာ"** ဟု ရေကြည်မြို့နယ် ကြို့ကုန်းရွာ ပန်းတောသမဝါယမ အသင်းသားတစ်ဦးဖြစ်သူ လယ်သမားကြီးတစ်ဦးလည်း အားပါးတရ ကျေးဇူးတင်စကားပြောကြားပါသည်။

**❑ ယခုအခါ ကျေးရွာသမဝါယမအသင်းများကို သမဝါယမ၏ တန်ဖိုးနှင့်အညီ ဖွဲ့စည်းပေးခဲ့သည်။ သမဝါယမတန်ဖိုးသည် မိမိကိုယ်မိမိတာဝန်ယူခြင်း၊ ကူညီခြင်း၊ ဒီမိုကရေစီ တန်းတူ ညီမျှမှု၊ တရားမျှတမှု စသည့်တန်ဖိုးများအပေါ် အခြေခံ ထားရှိပြီး ထုံးတမ်းအစဉ်လာအရ ရိုးသားမှု၊ ပွင့်လင်းမှု၊ လူမှုရေးရာ တာဝန်ယူမှုများမှာ သမဝါယမ၏ ကျင့်ဝတ်တန်ဖိုးများဖြစ်**

တကယ်လည်း ကြို့ကုန်းရွာ ပန်းတောသမဝါယမအသင်းသား လယ်သမားကြီး ပြောသလိုပင် နိုင်ငံတော်အစိုးရမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူလယ်သမားများ၏ မိုးစပါး၊ နွေစပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာစိုက်ပျိုးရေးအတွက် လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုးအပြင် သဘာဝမြေဩဇာအမျိုးမျိုးကို တစ်ဧကလျှင် ကျပ်နှစ်သိန်းနှင့် ညီမျှသော တန်ဖိုးကို သီးနှံပေါ်ဆပ်စနစ်ဖြင့် ဖြန့်ဝေပေးခဲ့သည်။ ထို့ကြောင့် လယ်သမားများအနေဖြင့် သွင်းအားစုအတွက် မပူပင်ရတော့။ လယ်ထဲတွင် အချိုးကျအသုံးပြုနိုင်ကြသဖြင့် စပါးအထွက်တိုးသည်ကို လက်တွေ့ခံစားရပြီဖြစ်သည်။

**"ကျွန်တော်တို့ ကြို့ကုန်းရွာက ပန်းတောသမအသင်းဝင် လယ်သမားတွေကို မြို့နယ်သမဝါယမကနေ ဓာတ်မြေဩဇာအမျိုးမျိုးရရှိမယ့် ကုမ္ပဏီတွေနဲ့ ဆက်သွယ်ပေးပါတယ်။ လယ်သမားတွေကိုယ်တိုင်စပါးစိုက်ပျိုးရေးမှာ အသုံးဝင်မယ့် ဓာတ်မြေဩဇာကို စိတ်ကြိုက်ရွေးချယ်မှာယူနိုင်ပြီး ဈေးနှုန်းကိုလည်း ဈေးကွက်ထဲက ဈေးနှုန်းထက်မပိုတဲ့ နှုန်းထားနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်ပြီး လယ်ယာလုပ်ငန်းရှိရာ ရွာကိုအရောက်ပို့စနစ်နဲ့ ဖြန့်တာပါ။ စပါးပေါ်တဲ့အချိန်တစ်ကျပ်တိုးနဲ့ တွက်ပြီးဆပ်ရပါတယ်၊ ပြား ၅၀ အတိုးကတော့ ကျေးရွာသမဝါယမအသင်းမှာ ဝင်ပါတယ်၊ အဲဒီအတိုးကို အများဆန္ဒနဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သုံးခွင့်ရပါသေးတယ်၊ ဘယ်လောက်ကောင်းတဲ့ စနစ်လဲဗျာ၊ ဒါကို ကျွန်တော်တို့ လယ်သမားတွေက စနစ်တကျသုံး၊ စနစ်တကျပေးဆပ်ကြရင် နိုင်ငံတော်စေတနာနဲ့ မြေကိုအခြေပြု သမဝါယမကို အခြေခံထား၊ ပဒေသာပင် မြေကပေါက်တဲ့ ကိန်းဆိုက်ပြီပေါ့ဗျာ"** ဟု ပန်းတောသမဝါယမအသင်း တာဝန်ရှိသူတစ်ဦးမှ ရှင်းပြပါသည်။

သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း ကျေးရွာစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းများကို အခြေခံထားကာ ရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်နှင့် အင်ဂျင်စက်အမျိုးမျိုးကို အရစ်ကျစနစ်ဖြင့်လည်း ဖြန့်ဖြူးရောင်းချပေးနေကြောင်း သိရသည်။

"အရင်ကတော့ လယ်ယာလုပ်ငန်းတွေ တိုးတက်ဖို့ငွေလိုတော့ ငွေချေးချင်တယ်၊ အခု တာဝန်ရှိသူတွေက ငွေမပေးဘူး၊ စိုက်ပျိုးရေး လုပ်ငန်းတွေမှာ အသုံးဝင်မယ့် သွင်းအားစုတွေပဲ ပေးတယ်၊ အဲဒီအစီအစဉ်ကို ကျွန်တော်ကတော့ သိပ်သဘောကျတယ်၊ ဒီလိုမဟုတ်ရင် ငွေရလိုက်တာနဲ့ ဟိုတုန်းက လယ်သမားတွေဆို ခနိဖိုး၊ ငါးပိဖိုးထဲ ရောက်သွားတတ်တယ်၊ အခုခေတ်ကာလဆိုတော့ ဖုန်း၊ ဆိုင်ကယ်ဖိုးထဲ ရောက်သွားကြတာများမှာပေါ့ဗျာ၊ အခုတော့ လယ်ထဲသုံးဖို့ပစ္စည်း လက်ထဲရောက်တော့ စပါးအထွက်တိုးတာပေါ့ဗျာ၊ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လယ်သမားတွေနဲ့ တွေ့ဆုံတိုင်း ပန်းတိုင်းအထွက်နှုန်းရောက်ဖို့နဲ့ မျိုး၊ မြေ၊ ရေ၊ နည်းမှန်ကန်ဖို့ တိုက်တွန်းညွှန်ကြားတယ်၊ တကယ်လည်း ကျွန်တော်တို့အနေနဲ့ ဒီလိုပံ့ပိုးတဲ့ သွင်းအားစုပစ္စည်း အသုံးချလိုက်တော့ ပန်းတိုင်အထွက်နှုန်းကျော်သွားတယ်" ဟု ကြို့ကုန်းကျေးရွာမှ

*စာမျက်နှာ ၁၈ သို့*

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ သို့မဟုတ် ဓာတုပစ္စည်းပရိကာဆာများ သို့မဟုတ် ကန့်သတ်ဓာတုပစ္စည်းများ အပိုင်း(၂)

*ဒေါက်တာလပြည့်ခင်*

**ဟီးရိုးအင်းထုတ်လုပ်ရာတွင် ပါဝင်သည့် ဓာတုပစ္စည်းများ**

ဟီးရိုးအင်းသည် မော်ဖင်းမှထုတ်ယူရရှိသော ဆေးဖက်ဝင်ပစ္စည်းတစ်မျိုးဖြစ်သည်။ ဓာတုဗေဒဝေါဟာရအားဖြင့် Diamorphine ဟုခေါ်၍ ဓာတုသင်္ကေတမှာ $C_{21}H_{23}NO_5$ ဖြစ်သည်။ မော်ဖင်းကို ဘိန်းမှထုတ်ယူရရှိခြင်းဖြစ်သောကြောင့် ဟီးရိုးအင်းသည်လည်း မူးယစ်စေတတ်သော ဘိန်းတစ်မျိုးပင်ဖြစ်သည်။ အဖြူအရောင်ဖြစ်သောကြောင့် ဟီးရိုးအင်းကို ဘိန်းဖြူဟူ၍ လည်းကောင်း၊ ဆေးဖြူမှုန့်ဟူ၍လည်းကောင်း၊ နံပါတ်ဖိုးဟူ၍လည်းကောင်း အမည်များဖြင့် လူသိများထင်ရှားပါသည်။

ဟီးရိုးအင်းသည် မော်ဖင်းနှင့် အကျိုးပေးပုံချင်းဆင်တူသဖြင့် ဆေးဘက်တွင် မော်ဖင်းကို အသုံးပြုသည့်အတိုင်း ဟီးရိုးအင်းကိုလည်း အသုံးချလေ့ရှိသော်လည်း အကျိုးအာနိသင်အရာ၌မူ ဟီးရိုးအင်းသည် မော်ဖင်းနှင့် ဘိန်းတို့ထက် အဆပေါင်းများစွာပြင်းထန်ထိရောက်ပြီး ပိုမို၍ အဆိပ်ပြင်းထန်ကာ ပိုမိုလွန်ကဲစွာပင် အလေ့အကျင့်အထုံ စွဲမြဲမြန်ဆန်စေသည်။ ဟီးရိုးအင်းသည် နာကျင်မှုဝေဒနာကို မငြိမ်းစေတတ်၊ အိပ်ပျော်အောင်လည်း အလျင်အမြန်မဖြစ်စေတတ်၊ မှီဝဲသူအား တုံ့နှေးခြင်း ဖြစ်စေတတ်သည်။

ဟီးရိုးအင်းကို ဘိန်းစွဲသူများက မှီဝဲလေ့ရှိပြီး ဟီးရိုးအင်းသည် အခြားမည်သည့် ယစ်မျိုးနှင့်မျှ မတူဘဲ မှီဝဲသူ၏စိတ်ကို ပိုမိုလွန်ကဲစွာ ထိခိုက်စေသည်။ မှီဝဲစ၌ ပေါ့ပါးပျော်ရွှင်လာစေကာ ငါသာလျှင်အဓိက၊ ငါလုပ်လျှင် မည်သည့်အရာမဆို အောင်မြင်ရမည် စသည့်အမြင်အစွဲများဝင်လာပြီးနောက် အရှိကိုအရှိအတိုင်း မမြင်နိုင်တော့ဘဲ ပုံကြီးချဲ့ထင်မြင်လာကာ မဆင်မခြင်ပြုလုပ်တတ်သော သတ္တိများ ပေါက်ဖွားလာစေသည်။

ဟီးရိုးအင်းစွဲသူများသည် ကိုယ်ချင်းစာတရားနှင့် စောင့်ထိန်းလိုက်နာအပ်သော လူမှုကျင့်ဝတ်နှင့် တာဝန်များ မေ့ပျောက်လစ်ဟင်းကာ လူမှုအသိုင်းအဝိုင်းနှင့် ဆန့်ကျင်ဘက်အပြုအမူများ ပြုလုပ်လာပြီးနောက် အချိန်ကြာလာလျှင် လူ့အသိုင်းအဝိုင်းပတ်ဝန်းကျင်မှ ဖယ်ကြဉ်ကာ ရာဇဝတ်ကောင်များဘဝသို့ ကူးပြောင်းသွားတတ်ပါသည်။ ထို့ကြောင့် လူညွှန့်တုံးစေသော မူးယစ်ဆေးဝါးဟီးရိုးအင်းကို မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများတွင် တရားဝင်ရောင်းဝယ်သုံးစွဲခြင်းကို ပိတ်ပင်တားမြစ်ထားသည့်အပြင် ဟီးရိုးအင်းကို ထုတ်ယူရရှိနိုင်သော ဘိန်းပင်စိုက်ပျိုးခြင်းကိုလည်း တားမြစ်ထားသည်။

အဆိုပါဟီးရိုးအင်း တစ်တန် ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဘိန်းနှင့် ဓာတုပစ္စည်းများဖြစ်သည့် တိုင်းရင်းဆေး(ပရဆေးများ)တွင် **“ဇဝက်သာ”** ဟု အများသိကြသော အမိုနီယမ်ကလိုရိုက် (Ammonium Chloride)၊ အက်စီတစ်အင်ဟိုက်ဒရိုက် (Acetic Anhydride)၊ ဟိုက်ဒရိုကလိုရစ်အက်စစ်(Hydrochloric Acid)၊ အက်စီတုံး(Acetone) နှင့် အခြားပစ္စည်းများ ပါဝင်ထုတ်လုပ်ရပါသည်။

**စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်ရာတွင် ပါဝင်သည့်ဓာတုပစ္စည်းများ**

စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဖြစ်သည့် အဖက်တမင်း (Amphetamine) နှင့် မက်သ်အဖက်တမင်း (Methamphetamine) ထုတ်လုပ်ရာတွင် Acetic Acid၊ Acetic Anhydride၊ Acetone၊ Acetyl Chloride၊ Chloroform၊ Ethyl Ether၊ Ephedrine၊ Hydrochloric Acid၊ Phenyl Acetic Acid၊ Phosphrous Pentachloride၊ Pseudoephedrine၊ Sulphuric Acid၊ Thionyl Chloride နှင့် Toluene အစရှိသည့် ဓာတုပစ္စည်းများကို ထည့်သွင်းအသုံးပြုရပါသည်။

> **❂ ဟီးရိုးအင်းစွဲသူများသည် ကိုယ်ချင်းစာတရားနှင့် စောင့်ထိန်းလိုက်နာအပ်သော လူမှုကျင့်ဝတ်နှင့် တာဝန်များ မေ့ပျောက်လစ်ဟင်းကာ လူမှုအသိုင်းအဝိုင်းနှင့် ဆန့်ကျင်ဘက်အပြုအမူများ ပြုလုပ်လာပြီးနောက် အချိန်ကြာလာလျှင် လူ့အသိုင်းအဝိုင်းပတ်ဝန်းကျင်မှ ဖယ်ကြဉ်ကာ ရာဇဝတ်ကောင်များဘဝသို့ ကူးပြောင်းသွားတတ်ပါသည်။ ထို့ကြောင့် လူညွှန့်တုံးစေသော မူးယစ်ဆေးဝါးဟီးရိုးအင်းကို မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများတွင် တရားဝင်ရောင်းဝယ်သုံးစွဲခြင်းကို ပိတ်ပင်တားမြစ်ထားသည့်အပြင် ဟီးရိုးအင်းကို ထုတ်ယူရရှိနိုင်သော ဘိန်းပင်စိုက်ပျိုးခြင်းကိုလည်း တားမြစ်ထားသည်**

ထို့ကြောင့် အဆိုပါဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းမှ ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် သတ်မှတ်ကြေညာထားသကဲ့သို့ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေအရ လည်းကောင်း ကန့်သတ်ဓာတုပစ္စည်းများ (Restricted Chemicals)အဖြစ် အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ကြပ်မတ်ကွပ်ကဲလျက်ရှိပါသည်။

မက်သ်အဖက်တမင်း (Methamphetamine) ထုတ်လုပ်ရာတွင် အက်ဖီဒရင်း (Ephedrine) နှင့် သိုင်အိုနိုင်းလ်ကလိုရိုက်(Thionyl Chloride)၊ ကလိုရိုဖောင်း (Chloroform)၊ အက်စီတစ်အက်စစ် (Acetic Acid)၊ ပလာဒီယမ် (Palladium)နှင့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ (Hydrogen Gas) တို့သတ်မှတ်အချိုးအစားအလျောက် ပါဝင်ကြပါသည်။

စိတ်ကြွဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသော ပရိကာဆာဓာတုပစ္စည်းများမှာ အက်စီတစ်အက်စစ် (Acetic Acid)၊ အက်စီတုန်း (Acetone)၊ ကလိုရိုဖောင်း (Chloroform)၊ အီသိုင်းလ်အီသာ (Ethyl Ether)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် (Hydrochloric Acid )၊ ဆာလ်ဖြူရစ်အက်စစ် (Sulphuric Acid)၊ အိုင်ဆိုဆာဖရိုးလ် (Isosafrole)၊ တော်လူအင်း (Toluene)၊ ပိုင်ပါရိုနယ်လ်(Piperonal)၊ ဆာဖရိုးလ် (Safrole)၊ ၃၊ ၄ မီသိုင်းလင်းဒိုင်အောက်စီဖီနိုင်းလ်–၂ ပရိုနန်း (3,4 Methylenedioxyphnyl–2 Pronone) တို့ ဖြစ်ပါသည်။ MDMA အက်တက်စီ (Ecstasy) ဆေးဝါးများမှာ အဖက်တမင်း(Amphetamine)နှင့် မက်သ်အဖက်တမင်း (Methamphetamine) ဆေးဝါးတို့ထက် ပိုမိုအစွမ်းထက်ပြီး ပို၍ဈေးကြီးပါသည်။

**ထိန်းချုပ်ဓာတုပစ္စည်း (Precursor Chemicals) (၃၉) မျိုး**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်အညီ မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနမှ ၂၆–၅–၂၀၂၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၂၁ ဓာတုပစ္စည်း စုစုပေါင်း ၃၉ မျိုးကို Schedule–I ၊ Schedule–II နှင့် Schedule III ဟု အုပ်စု (၃) သတ်မှတ်၍ ပြင်ဆင်ထုတ်ပြန်ကြေညာခဲ့ပါသည်။

**Schedule–I တွင် ပါဝင်သော ထိန်းချုပ်ဓာတုပစ္စည်း (၂၁) မျိုး**

(က) ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ဇယား (၁) ပါ ထိန်းချုပ်ဓာတုပစ္စည်းများ–

- ( ၁ ) Acetic Anhydride (အက်စစ်တစ်အင်ဟိုက်ဒရိုက်) : $C_4H_6O_3$ (108–24–7)
- ( ၂ ) N–acetylanthranilic Acid (အင်–အက်စီတိုင်းလ်အင်သရာ နီလစ်အက်စစ်) : $C_9H_9NO_3$ (89–52–1)
- ( ၃ ) 4–anillino–N–phenethylpiperidine (ANPP) / Fentanyl analogues (၄–အနီလီနို–အင်–ဖီနိုင်သိုင်းလ်ပိုင်ပါရီဒင်း) (အေအင်ပီပီ) : $C_{19}H_{24}N_2$ (21409–26–7)
- ( ၄ ) Ephedrine(အက်ဖီဒရင်း) : $C_{10}H_{15}NO$ (299–42–3)
- ( ၅ ) Ergometrine (အာဂိုမတ်ထရင်း) : $C_{23}H_{27}N_3O_6$ (60–79–7)
- ( ၆ ) Ergotamine (အာဂိုတမင်း) : $C_{33}H_{35}N_5O_5$ (113–15–5)
- ( ၇ ) Isosafrole (အိုင်ဆိုဆာဖရိုးလ်) : $C_{10}H_{10}O_2$ (120–58–1)
- ( ၈ ) Lysergic Acid (လိုက်ဆာဂျစ်အက်ဆစ်): $C_{16}H_{16}N_2O_2$ (82–58–6)
- ( ၉ ) 3,4–MDP–2–P methyl glycidate (PMK glicidate) (all stereoisomers) (၃၊၄–အမ်ဒီပီ–၂ပီ မီသိုင်းဂလိုက်စီဒိတ်): $C_{12}H_{12}O_5$ (13605–48–6)
- (၁၀) 3,4–MDP–2–P methyl glycide acid (PMK glycidic acid) (all stereoisomers) (၃၊ ၄–အမ်ဒီပီ–၂–ပီ–မီသိုင်းဂလိုက်စီဒစ်အက်စစ် (ပီအမ်ကေဂလိုက်စီဒစ်အက်စစ်) : $C_{11}H_9O_5.Na$ (62167189–50–4)
- (၁၁) 3,4 – Methyllenedioxyphenyl–2 Propane (၃–၄ မီသိုင်းလ်လင်ဒိုင်အောက်ဆီဖီနိုင်းလ်–၂–ပရိုပန်နုန်း) : $C_{10}H_{10}O_3$ (4676–39–5)
- (၁၂) Norephedrine (နော်အက်ဖီဒရင်း) : $C_9H_{13}NO$ (14838–15–4)
- (၁၃) N–phenethyl–4–piperidone (NPP) (အင်–ဖီနိုင်းသိုင်းလ်– ၄ – ပိုက်ပါရီဒုန်း (အင်ပီပီ) : $C_{13}H_{17}NO$ (39742–60–4)
- (၁၄) Phenylacetic Acid (ဖီနိုင်းလ်အက်စစ်တစ် အက်စစ်) : $C_8H_8O_2$ (103–82–2)
- (၁၅) 1–phenyl – 2 Propanone (၁–ဖီနိုင်းလ်–၂–ပရိုပန်နုန်း) : $C_9H_{10}O$ (103–79–7)
